ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၃း၁၅။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို နေ့လယ် ၁၃း၁၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၇၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးကျော်နေမော်၊ တပ်မတော်၊ တာဝန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် ညှိနှိုင်းအစည်းအဝေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ၎င်းအတိုင်း။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ကျန်းမာရေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေး။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ (၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကျန်းမာရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း ၊မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၂၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒေသတွင် မြို့နယ်များရှိ သစ်တောကြိုးဝိုင်းအတွင်း နှစ်အတန်ကြာ ကတည်းက စိုက်ပျိုးလုပ်ကိုင်နေကြသည့် တောင်သူများ၏ လယ်မြေများအား သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပယ်ဖျက်ပေးသွားမည့်အခြေအနေကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ။** ။ ယခု မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး က ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒေသတွင် မြို့နယ်များရှိ သစ်တောကြိုးဝိုင်းအတွင်း နှစ်အတန်ကြာ ကတည်းက စိုက်ပျိုးလုပ်ကိုင်နေကြသည့် တောင်သူများ၏ လယ်မြေများအား သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပယ်ဖျက်ပေးသွားမည့် အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၄။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာရှိတဲ့ မြို့နယ်များမှာ သစ်တော ကြိုးဝိုင်းဧရိယာအတွင်း နှစ်အတန်ကြာကတည်းက စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ တောင်သူများရဲ့ လယ်မြေ များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သစ်တောမြေအဖြစ်မှ လုပ်ထုံး လုပ်နည်းနှင့်အညီ မည်သည့်အချိန် မည်သည့်ကာလမှာ စိစစ်ပယ်ဖျက်ပေးသွားမည့် အခြေအနေကို သိရှိလို၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် အစည်းအဝေး(၁၄)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်းနဲ့ မေးမြန်းခဲ့ပြီးလည်း ဖြစ်ပါတယ်။ အဲဒီမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားရာမှာ ယခင်ကောက်ယူခဲ့တဲ့ စာရင်းများ ပြန်လည် စိစစ်ရန်နှင့် ကောက်ယူရန်ကျန်ရှိနေသေးတဲ့ လယ်မြေများ စာရင်းများ၊ ကွင်းဆင်းစာရင်း ကောက်ယူရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ နေပြည်တော် သစ်တောဦးစီးဌာနနဲ့ စာရင်းကောက်ယူရေး မူလဖွဲ့ စည်းပေးထားတဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပူးပေါင်းပါဝင်တဲ့ ပူးပေါင်းအဖွဲ့အစည်းတွေနဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်းမှာရှိတဲ့ ကျူးကျော်လယ်မြေသီးသန့်စာရင်းများအား စိစစ်ကောက်ယူပြုစုလျက် ရှိပါကြောင်း၊ ကောက်ယူရရှိတဲ့ လယ်မြေများကို သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနဲ့အညီ စိစစ်ပယ်ဖျက်ပေးသွားမည် ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားသွားခဲ့ပြီးလည်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တခြားတိုင်းဒေသကြီး၊ ပြည်နယ် များမှာ သက်ဆိုင်ရာဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းနဲ့အညီ သစ်တောကြိုးဝိုင်းအတွင်းမှာ စိုက်ပျိုး

လုပ်ကိုင်စားသောက်နေကြတဲ့ တောင်သူများရဲ့ လယ်များကို စိစစ်မှုများ ပြုလုပ်ပြီး ပယ်ဖျက်ပေးခဲ့ပြီး လည်းဖြစ်ပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒေသ အတွင်းမှာရှိကြတဲ့ သစ်တောကြိုးဝိုင်း အတွင်း နှစ်အတန်ကြာကတည်းက စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ တောင်သူများအနေနဲ့ အခြားတိုင်းဒေသ ကြီး၊ ပြည်နယ်များကဲ့သို့ သစ်တောဦးစီးဌာန၏ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးမည့် အစီအစဉ်ကို စောင့်မျှော်လျက်ရှိနေကြပါတယ်။ ကျွန်တော့်ကိုလည်း မဲဆန္ဒရှင် ပြည်သူ တောင်သူများက ဒီကိစ္စဘာမှ ထူးခြားမှု မရှိသေးကြောင်း မေးမြန်းလာမှုလည်းပဲ ရှိနေပါတယ်။ တောင်သူများ အနေနဲ့လည်းပဲ စိုးရိမ်စိတ်ကြီးစွာနဲ့ စိုက်ပျိုးလုပ်ကိုင်နေကြလျက်ရှိပါတယ်။ အဲဒါကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒေသအတွင်း မြို့နယ်များရှိ သစ်တောကြိုးဝိုင်းအတွင်း နှစ်အတန်ကြာကတည်းက စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ တောင်သူများရဲ့လယ်မြေများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနမှ မည်သည့်အချိန်၊ မည်သည့်ကာလမှာ သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနဲ့ အညီ စိစစ်ပယ်ဖျက်ပေးမည်ကို မဲဆန္ဒရှင် ပြည်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ။**　　။မေးခွန်းနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ ကတ်ထည့်တာမမှန်ဘူးထင်တယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၂၈။**

**ဒေါက်တာဒေါ်သက်သက်ဇင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန)။**　　။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဋ္ဌေး ၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ဖြေကြား သွားမှာ ဖြစ်ပါတယ်ရှင်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တောများ၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ကျူးကျော်အခြေ ချနေထိုင်သည့် ရွာစုနဲ့အိမ်ထောင်စုများအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ရေး အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ ပူးပေါင်းပါဝင်သောအဖွဲ့နှင့် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို တိုင်းဒေသကြီး/ပြည်နယ် အလိုက် ကြီးကြပ်မှုကော်မတီအဆင့်ဆင့်ဖြင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောက်ယူရရှိသည့်စာရင်းအရ ပထမအဆင့် အိမ်ခြေ(၅၀) နှင့်အထက် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ (၁၁၈၄)ရွာ၏ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်

မြေ စုစုပေါင်း(၃၃၇၄၄၄.၆၈)ဧက၊ ဒုတိယအဆင့် အိမ်ခြေ (၅၀)နှင့်အထက် ပြည်ထဲရေး အမည်မပေါက် (၁၉၅)ရွာ၏ ရွာမြေ၊ လယ်မြေ၊ သာသနာ၊ အများပိုင်မြေ စုစုပေါင်း (၉၅၇၃၄.၇)ဧကနှင့် တတိယအဆင့် အိမ်ခြေ (၅၀)အောက် ပြည်ထဲရေးအမည်ပေါက်နှင့် ပြည်ထဲရေး အမည်မပေါက်သော်လည်း အခိုင်အမာ တည်ထောင်ထားရှိသည့် ကျေးရွာ (၁၂၂၈)ရွာ၏ ရွာမြေ၊ လယ်မြေနှင့် သာသနာ၊ အများပိုင်မြေ ပေါင်း(၇၄၈၃၉.၁၇)ဧက၊ စုစုပေါင်းကျေးရွာ(၂၈၀၇)ရွာအတွက် ဧရိယာပေါင်း (၅၀၈၀၁၈.၅၅)ဧကကို စိစစ်ပယ်ဖျက်ပေးပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေအတွင်း တွင် ပြန့်ကျဲနေထိုင်သည့် အိမ်စု၊ ရွာစုများနှင့် သစ်တောနယ်မြေအတွင်း နေထိုင်ခြင်းမရှိသော်လည်း ပြင်ပမှ လာရောက်ကျူးကျော်လုပ်ကိုင်သူများ၏ လယ်မြေနှင့် သာသနာမြေ၊ အများပိုင်မြေများကို စတုတ⊞ထ အဆင့်အနေဖြင့် ပယ်ဖျက်ပေးသွားမည် ဖြစ်ပါတယ်။

ယာမြေများကို သစ်တောမြေအဖြစ်မှ စွန့်လွှတ်ခြင်းမပြုဘဲ သီးနှံသစ်တောရောနှော စိုက်ပျိုး သည့်စနစ်ကို အခြေခံသည့် ဒေသခံပြည်သူ အစုအဖွဲ့ သစ်တောတည်ထောင်ခွင့်ပြုမည် ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျူးကျော်နေထိုင်သော စိုက်ပျိုးမြေများ စာရင်းကောက်ယူရာတွင် အခြားဒေသမှလာရောက်သောနေပြည်တော် တည်ဆောက်ရေးလုပ်သားများသည် သစ်တောကြိုးဝိုင်း အတွင်း ယာယီအစီအစဉ်ဖြင့် ဝင်ရောက်နေထိုင်ခြင်း၊ လုပ်ငန်းပြီးစီးပြီးနောက် ပြန်လည်ထွက်ခွာခြင်း မရှိဘဲ အခြေချနေ နေထိုင်ခြင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြေတန်ဖိုးမြင့်တက်လာသဖြင့် ကြိုးဝိုင်းအတွင်း နေအိမ်များ တရားမဝင်တိုးချဲ့ တည်ဆောက်ခြင်းစသည့် လတ်တလော ထပ်မံ ကျူးကျော်မှု ပြဿနာများ ပေါ်ပေါက်ခဲ့ပါတယ်။

ထိုအခြေအနေအရ ၂၀၁၃ ခုနှစ်၊ မတ်လ (၁၃)ရက်နေ့တွင် ကျင်းပပြုလုပ်သော နေပြည်တော် ကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၃)အရ စာရင်းကောက် ယူမှုအား ရပ်ဆိုင်းသွားရန် နှင့်(၁၀)နှစ်အထက် သက်တမ်းရှိသူများကိုသာ ထည့်သွင်းစဉ်းစားသွားမည် ဖြစ်ကြောင်း ထပ်မံကျူးကျော်သူများအား ပယ်ဖျက်ခြင်းမရှိပါက ဥပဒေအရတရားစွဲဆိုရန် ဆုံးဖြတ်ချက်ချမှတ်ပြီး နေပြည်တော်ကောင်စီ (၈)မြို့နယ်ရှိ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်းကျူးကျော်ရွာစုနှင့် အိမ်ထောင်စုများအား စာရင်းကောက်ယူခြင်းလုပ်ငန်းကို ရပ်ဆိုင်းခဲ့ပါတယ်။ နေပြည်တော်ကောင်စီ နယ်မြေအတွင်း တရားမဝင်ကျူးကျော် အခြေချနေထိုင်သောရွာစု၊ အိမ်စု လတ်တလောထပ်မံ ကျူးကျော် မှုပြဿနာများ ဖြစ်ပွားလာမှုအပေါ် မြေယာကျူးကျော်မှု(၂၄၆)မှုအား တရားစွဲဆိုအရေးယူ ဆောင်ရွက်ခဲ့ ပါတယ်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ် ပုံစံ(၇) အား ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့မတိုင်မီ အရေးကြီးလုပ်ငန်း အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ လမ်းညွှန် ချက်အရ နေပြည်တော်ကောင်စီနယ်မြေ၊ မြို့နယ်များအတွင်း သစ်တောမြေများတွင် တောင်သူ လယ်သမားများမှ အမှန်တကယ် စိုက်ပျိုးနေသော လယ်မြေများစာရင်း လယ်မြေသီးသန့် ပြုစုတင်ပြ ပေးရန် နေပြည်တော်ကောင်စီမှ အကြောင်းကြားလာရာ မူလဖွဲ့စည်း ပေးထားသော ပူးပေါင်းအဖွဲ့များနှင့် ယခင်ကောက်ခံခဲ့သော စာရင်းများ ပြန်လည်စိစစ်ခြင်းနှင့်ကောက်ယူခြင်း ကျန်ရှိနေသော လယ်မြေ

စာရင်းများ ကွင်းဆင်းစာရင်း ကောက်ယူခြင်းတို့ကို ဆောင်ရွက်ပြီး နေပြည်တော်ကောင်စီ နယ်မြေ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်လယ်ယာမြေ သီးသန့်စာရင်းကို စိစစ်ကောက်ယူပြုစုခဲ့ပါတယ်။ ထိုစာရင်းအရ ထိုကောက်ယူရရှိခဲ့သော စာရင်းအရ ဒက္ခိဏခရိုင်တွင် (၁၆၀) ရွာအတွက် လယ်မြေ (၂၁၃၁.၁၂)ဧက၊ ဥတ္တရခရိုင်တွင် (၈၆)ရွာ အတွက် လယ်မြေ (၇၈၁၀.၉၅)ဧက၊ စုစုပေါင်း (၂၄၆)ရွာအတွက် လယ်မြေ (၂၉၁၂၈.၀၇)ဧက စိစစ်ပြီး အဆိုပါစာရင်းကို သက်ဆိုင်ရာ အဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရရှိသည်နှင့် တစ်ပြိုင်တည်း သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပယ်ဖျက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပိုးသတ်ဆေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေးတင်ပြခြင်း

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ပိုးသတ်ဆေးဥပဒေကြမ်းကို ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထား သော ပိုးသတ်ဆေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပိုးသတ်ဆေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ် (၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူရာချီ သေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူရာချီ သေဆုံးမှုမျိုး ထပ်မံ မဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ၃၀-၁၁-၂၀၁၅ ရက်နေ့တွင် အဆိုတင်သွင်းပြီး ၇-၁၂-၂၀၁၅ ရက်နေ့တွင် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။

ယခု အဆိုနှင့်စပ်လျဉ်းပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၆။**

**ဦးသန်းထွန်းအောင် (ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပြီး ကျန်းမာချမ်းသာကြပါစေလို့ ကျွန်တော် ဆုတောင်းမေတ္တာပို့သနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ကချင်ပြည်နယ် ဖားကန့်ဒေသမှာ မြေစာတောင်ပြိုပြီး လူရာချီသေဆုံးမှု မျိုးထပ်မံမဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီးတော့မှ ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်မှာ ယခုကဲ့သို့ လူရာနဲ့ချီပြီးတော့မှ သေဆုံးခဲ့တဲ့ ဖြစ်စဉ်ဖြစ်ရပ်များအပေါ် ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ များစွာ ဝမ်းနည်းမှုဖြစ်ရပါကြောင်း ကျွန်တော် ဦးစွာပထမ တင်ပြလိုပါတယ်။ ယခုကဲ့သို့ မိမိတို့ရဲ့ဒေသမှာရှိတဲ့ ဒေသနေပြည်သူများအတွက် ယခုလို အဆိုတင်သွင်းခဲ့တာနှင့် ပတ်သက်ပြီးတော့လည်း အဆိုရှင် ဦးခက်ထိန်နန် ကို ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနကများစွာမှ လေးစားပါကြောင်း၊ များစွာမှ ကျေးဇူးတင်ပါ ကြောင်း၊ ကြိုဆိုပါကြောင်း ကျွန်တော် လေးစားစွာ တင်ပြအပ်ပါတယ်။

ပထမဦးစွာ ကျွန်တော် ကျောက်မျက်တင်ဒါလုပ်ကွက်များနဲ့ ပတ်သက်ပြီးတော့မှ လုပ်ကိုင်ခွင့်ပြုခဲ့တဲ့အစီအစဉ်လေးကျွန်တော်ပထမတင်ပြပါရစေ။ သတ္တုတွင်းဝန်ကြီးဌာနသည် ဖားကန့်ဒေသမှ ကျောက်စိမ်း လုပ်ကွက်တွေကို တူးဖော်လုပ်ကိုင်ခွင့် လုပ်ငန်းများ ခွင့်ပြုမိန့်ချထားတဲ့အခါမှာ နိုင်ငံတော်သမ္မတရုံးက (၂၃-၅-၂၀၁၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၁)နှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီကိုဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနဲ့ အဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်များ၊ သစ်တောဦးစီးဌာနနဲ့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အတွင်းရေးမှူးအဖြစ် သတ္တုတွင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့ဖြင့် ဖွဲ့စည်းပေးထားတဲ့အဖွဲ့နဲ့ ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ရတနာနယ်မြေအသီးသီးမှာရှိတဲ့ တူးဖော်ရေးဌာနများဟာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ကိုယ်စားလှယ်ပေါင်းများစွာ ပါဝင်တဲ့ အဖွဲ့နဲ့ ကျောက်မျက် ကုမ္ပဏီများကနေပြီးတော့မှ အဆိုပြုလျှောက်ထားတဲ့နေရာကို သတ်မှတ်ချက် နှင့်အညီ လွတ်ကင်းမှုရှိ/မရှိ စစ်ဆေးတင်ပြရပါတယ်။ အဲဒီနေရာတွေကတော့ လယ်မြေဘေးမဲ့တော၊ ကာကွယ်တောတွေ၊ ကျေးရွာ၊ သာသနာ့မြေ၊ စေတီဘုရား၊ သာသနိကကျောင်းများနဲ့ အဆောက်အုံများ၊

မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်၊ အများသုံးလမ်းမကြီးများ၊ ရေဦးရေထွက်နဲ့ အများသုံး ရေကန်ကြီးများ၊သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်တဲ့မြေနေရာများ၊ စီမံကိန်းမြေနေရာများနဲ့ လုပ်ကိုင်ခွင့်ပြုထားတဲ့ လုပ်ကွက်များဖြစ်ပါတယ်။ သတ်မှတ်ချက်နဲ့ လွတ်ကင်းမှုရှိတယ်ဆိုရင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်ကတစ်ဆင့် သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက စစ်ဆေးပြီးတော့မှ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီကိုတင်ပြပါတယ်။ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီက ခွင့်ပြုမိန့်ချထားပေးပါတယ်။

ဒီလုပ်ငန်းပိုင်းနဲ့ပတ်သက်ပြီးတော့ ဆက်လက်ပြီး စက်ယန္တရား သုံးစွဲမှုနဲ့ပတ်သက်ပြီး ကျွန်တော် ဆက်လက်ပြီးတော့မှ တင်ပြပါမယ်ခင်ဗျား။ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ နယ်မြေလုံခြုံရေးအခြေအနေအရ ၃၁-၅-၂၀၁၂ ရက်နေ့ ကစပြီးတော့မှ ယာယီ ရပ်နားခဲ့ပါတယ်။ အဲဒီမှာပဲတစ်ခါ ၂၀၁၄ စက်တင်ဘာလ (၁) ရက်နေ့မှာ ပြန်လည်ပြီးတော့မှ လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ ၃၀-၁၁-၂၀၁၅ ရက်နေ့အထိ စာရင်းများအရ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ ကုမ္ပဏီပေါင်း (၆၂၇)ခု၊ ပုဂ္ဂလိက လုပ်ကွက်ပေါင်း(၇၇၁၄)ကွက်၊ ကုမ္ပဏီ သတ်မှတ်ချက်နဲ့ လွတ်ကင်းမှုရှိတယ်ဆိုရင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်ကတစ်ဆင့် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စိစစ်ရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက စိစစ်ပြီးတော့မှ မြန်မာ့ကျောက်မျက်ရတနာ ဖွံ့ဖြိုးရေးဦးစီးကော်မတီကို တင်ပြပါတယ်။ မြန်မာ့ကျောက်မျက်ရတနာ ဖွံ့ဖြိုးရေးဦးစီးကော်မတီက ခွင့်ပြုမိန့်ချထားပေးပါတယ်။ ၃၀-၁၁-၂၀၁၅ ရက်နေ့ စာရင်းအရ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ ကုမ္ပဏီ(၆၂၇)ခု၊ ပုဂ္ဂလိကလုပ်ကွက်ပေါင်း(၇၇၁၄)ကွက်နှင့် ကုမ္ပဏီပေါင်း (၂၃၀)ခုတို့ အကျိုးတူလုပ်ကွက် (၃၁၁)ကွက်၊ စုစုပေါင်း(၂၂၅၅၈.၃၀)ဧကကို လုပ်ကိုင်ခွင့်ချထားပေးလျက်ရှိပါတယ်ခင်ဗျာ။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရဲ့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့ စာရင်းများအရ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ လက်ရှိအသုံးပြုနေတဲ့ စက်ယန္တရား အရေအတွက်က Back-hoe (၁၈၇၂)စီး၊ မြေသယ်ယာဉ်(၃၃၂၇)စီးဖြစ်ပါတယ်။ လက်ရှိအသုံးပြုနေတဲ့ စက်ယန္တရားများရဲ့ ဝန်ဆောင်မှုကိုကြည့်မယ်ဆိုရင် Back-hoe များဟာ တန်(၃၀)ကနေ တန်(၁၀၀)ထိ ဆောင်ရွက်နိုင်ပါတယ်။ မြေသယ်ယာဉ်တွေဟာ တန်(၁၀)ကနေပြီးတော့ တန်(၂၀)၊ တန်(၄၀)အထိ ဆောင်ရွက်နေတာကို တွေ့ရှိပါတယ်။

ရတနာနယ်မြေအသီးသီးမှာ လုပ်ကိုင်ခွင့်ရရှိတဲ့ လုပ်ကွက်များ အကျယ်အဝန်း ဧကအလိုက် အသုံးပြုသင့်တဲ့ စက်ယန္တရား အရေအတွက်နဲ့ စက်ယန္တရားများရဲ့ ဝန်ဆောင်နိုင်စွမ်းအားကိုလည်း သတ်မှတ်နိုင်ဖို့အတွက်ကို မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနဲ့ ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အသေးစိတ်ကိုလည်း Power point နဲ့ဆက်လက်ပြီး တင်ပြပါမယ် ခင်ဗျား။ ကျောက်စိမ်းရိုင်းတူးဖော်ပြီးတော့မှ ကျောက်မျက်ရှာဖွေခြင်းကို ကုန်းမြေပေါ်မှာ အခြောက်ရှာဖွေခြင်းနဲ့ ရေရရှိနိုင်တဲ့ ချောင်းများအနီးမှာ ရေမျောတိုက်ရှာဖွေခြင်းစတဲ့ နည်းလမ်းနှစ်မျိုးနဲ့ ဆောင်ရွက်ကြပါတယ်။ ရေမျောတိုက်ရှာဖွေခြင်းကို ဆောင်ရွက်တဲ့အခါမှာ သဲ၊ နုန်း၊ ကနယ်တွေကိုချောင်းများအတွင်းကို တိုက်ရိုက်စီးဝင်ကျရောက်မည်ဆိုလို့ရှိရင် ချောင်းများတိမ်ကောနိုင်ပါတယ်။ ဒါကြောင့်နုန်းစစ်ကန်တွေ ပြုလုပ်ပြီး တော့မှရေမျောတိုက် ရှာဖွေခြင်းကို ဆောင်ရွက်ကြတာဖြစ်ပါတယ်။ လုံးခင်း၊ ဖားကန့် နယ်မြေမှာ ရေမျောတိုက် ရှာဖွေတဲ့ မျောစင်များနဲ့ ခွင့်ပြုတဲ့ အခြေအနေကို ၂၀၁၁ခုနှစ် မှာ (၁၁) စင်၊

၂၀၁၄ခုနှစ်မှာ (၈) စင်အသုံးပြုခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ လက်ရှိအသုံးပြုနေတဲ့ မျှောစင်များ မရှိတော့ပါဘူး။ ဒါတွေကို ကျွန်တော်တို့ ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။

ဒ့ါအပြင် လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း မရှိရေးအတွက် ဥရုချောင်းနဲ့ ချောင်းလက်တက်များမှာ လည်းကောင်း၊ ချောင်းနဲ့ ပေ(၃၀၀)အတွင်း မှာလည်းကောင်း ကျရောက်နေတဲ့ လုပ်ကွက်တွေကို ပယ်ဖျက်ခဲ့ပါတယ်။အဲဒီအပြင် လူနေအိမ်များနဲ့ နီးကပ်နေတဲ့ ဘေးအန္တရာယ်ရှိတဲ့ လုပ်ကွက်တွေကိုလည်း ပယ်ဖျက်ပေးခဲ့ပါတယ်။ ပယ်ဖျက်ပေးခဲ့တဲ့ လုပ်ကွက် အရေအတွက်တွေနဲ့ ပတ်သက်ပြီးတော့ အကျိုးတူလုပ်ကွက်(၂၆)ကွက်၊ ဧရိယာ(၁၂၃၆.၅၀) ဧက၊ ပုဂ္ဂလိကလုပ်ကွက် (၃၁၇)ကွက်၊ ဧရိယာ(၃၁၇)ဧက ရှိပါတယ်။ ပယ်ဖျက်ခဲ့တဲ့လုပ်ကွက်များကို မြေပြန်လည်ဖို့ပြီးတော့ ဒေသနဲ့ကိုက်ညီတဲ့ သစ်ပင်တွေကို ပြန်လည်စိုက်ပျိုးစေခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြေစာပုံများပြိုကျရခြင်းနဲ့ ပတ်သက်ပြီးတော့ ဆန်းစစ်ကြည့်မယ်ဆိုလို့ရှိရင် အကြောင်းရင်း (၂ )ရပ်ရှိပါတယ်။ ဒါတွေကတော့ လူတွေရဲ့ ပယောဂကြောင့် ပြိုကျခြင်းနဲ့ သဘာဝကြောင့်ပြိုကျခြင်းဖြစ်ပါတယ်။ ကျောက်စိမ်းတူးဖော် ထွက်ရှိတဲ့ မြေစာတွေကို စွန့်ပစ်၊ စုပုံတဲ့ မြေစာပုံတွေဟာ မြေသားကျစ်လစ်မှုမရှိခြင်း၊ မြေသားမသေခြင်း၊ ရေများ ရောနှောပါဝင်သော မြေစာများကိုစွန့်ပစ်ခြင်း၊ ဦးစွာစုပုံထားသော မြေစာများအတွင်းကို မိုးရေဝင်ရောက် ပြီးတော့မှ ပျော့နေတဲ့ မြေစာတွေအပေါ်မှာ မြေစာများ ထပ်မံစွန့်ပစ်တဲ့ အတွက်ကြောင့် မိုလို့ အောက်ခြေ မခိုင်ခြင်းတို့ကြောင့် အချိန်ကာလတစ်ခု ရောက်ရှိတဲ့ အခါမှာ မြေစာတွေလျှောကျခြင်း ဖြစ်နိုင်ပါတယ်။ လူတွေရဲ့ပယောဂကြောင့် ပြိုကျခြင်းလို့ ဒါအဓိပ္ပာယ်ဖွင့်ဆို လို့ရပါတယ်ခင်ဗျား။ ဖားကန့်ဒေသကျောက်စိမ်း တူးဖော် ရေးလုပ်ကွက်မှာရှိတဲ့ အောက်ခံကျောက်သားများဟာ ယေဘုယျ အားဖြင့်တော့ အရှေ့ဘက်ကို ငိုက်စောင်းပြီးတော့မှ အရှေ့ဘက်အရပ်ကို ဆင်ခြေလျှောရှိတဲ့ လျှိုများဟာ သဘာဝတရားကြောင့် မြေပြိုဖို့အတွက်ကို အလားအလာပိုမိုပြီးတော့ရှိပါတယ်။ အဲဒီအပြင် အောက်ခံ ကျောက် ဆာပင်တီနိုက် သျှစ်များ၊ ကွာဇိုက်ဆန်သော သဲကျောက်များ၏ အချို့အပိုင်းများမှာ အက်ပြိုင် အားကောင်းခြင်း (Highly Jointed)နှင့် အသင့်အတင့်ကြေမွခြင်း (Moderately brecciated) တို့ရှိခြင်းကြောင့် သဘာဝတရား ကြောင့် မြေပြိုခြင်းဖြစ်ပွားဖို့အတွက်ကို အလားအလာ ရှိပါတယ်။

၂၀၁၂ခုနှစ်၊ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများ ရပ်ဆိုင်းခြင်းမပြုမီ အချိန်ကာလက မြေစာစွန့်ပစ်ဖို့ အတွက်ကို မြေစာပုံနေရာများကို သက်ဆိုင်ရာ ကုမ္ပဏီများအလိုက် ရှာဖွေပြီးတော့မှ သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူပြီးတော့ သို့တည်းမဟုတ် မိမိတို့ရဲ့ လုပ်ကွက်အဟောင်း နေရာများမှာ လည်းကောင်း မိမိတို့အစီအစဉ်ဖြင့် သတ်မှတ်စွန့်ပစ်ကြတာဖြစ်ပါတယ်။ ကုမ္ပဏီများစုစည်း ပြီးတော့ စွန့်ပစ်နိုင်ဖို့အတွက်လည်း သတ္တုတွင်းဝန်ကြီးဌာနက စုပေါင်းမြေစာပုံများ သတ်မှတ်စွန့်ပစ်စေ ပါတယ်။ ၂၀၁၄ခုနှစ်၊ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ ပြန်လည်စတင်ချိန်ကစပြီးတော့မှ စွန့်ပစ် မြေစာများကြောင့် ဥရုချောင်းနဲ့ ချောင်းလက်တက်တွေ ရေစီးရေလာပိတ်ဆို့မှု မရှိစေဖို့အတွက် လူမှု ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် အဲဒီလိုကုမ္ပဏီတစ်ခုချင်းအလိုက် သူတို့ရဲ့အစီအစဉ်နဲ့ မြေစာပုံစွန့်ပစ် တာတွေကို ခွင့်မပြုတော့ပါဘူး။ အဲဒီအစား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ဖားကန့်)တို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး များနှင့် ကျွမ်းကျင် ပညာရှင်များပါဝင်တဲ့ အဖွဲ့က မြေစာပုံစွန့်ပစ်ရမယ့်နေရာ (၁၃)နေရာ ရွေးချယ် တင်ပြခဲ့ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနက ကျောက်မျက်ရတနာ လုပ်ကွက်များ ခွင့်ပြုမိန့် ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက နေပြီးတော့မှ အတည်ပြုသတ်မှတ်ပေးခဲ့တဲ့ မြေစာပုံများမှာသာ စွန့်ပစ်စေခဲ့ပါတယ်။ ကုမ္ပဏီအလိုက် သတ်မှတ်ပေးထားတဲ့ မြေစာပုံတွေမှာ မြေစာစွန့်ပစ်နိုင်ဖို့အတွက်ကို မြေစာပစ်လမ်းကြောင်းတွေကိုလည်း သတ်မှတ်ပေးခဲ့ပါတယ်။ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းဟာ ပွင့်လင်းရာသီမှာသာ ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် မြေစာပစ်လမ်းကြောင်းမှာ ချောင်းများရှိတယ် ဆိုလို့ရှိရင်လည်း ဒီချောင်းတွေကို ယာယီတံတားတွေ ပြုလုပ်လိုတဲ့ အကြောင်း သက်ဆိုင်ရာကုမ္ပဏီတွေက တင်ပြတဲ့အတွက်ကြောင့်မို့လို့ မိမိတို့အဖွဲ့နဲ့ ကွင်းဆင်းပြီးတော့မှစစ်ဆေး၍ခွင့်ပြုပေးပါတယ်။ မိုးရွာသွန်းတဲ့အချိန်မှာ ချောင်းရေအတွင်းမှာ ရေစီးနှုန်း ကောင်းမွန်စေဖို့အတွက်ကို ဒီချောင်းတွေကိုလည်း မေလကုန်နောက်ပိုင်းကစပြီးတော့မှ ဖျက်သိမ်းပြီးတော့မှ မူလချောင်းရေစီးရေလာ ကောင်းမွန်ဖို့အတွက်ကို ပြန်လည်ပြီးတော့မှ ဆောင်ရွက်စေလျက်ရှိပါတယ်ခင်ဗျား။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဥရုချောင်း ရှင်းလင်းခြင်းနဲ့ အစားထိုးသစ်ပင်စိုက်ပျိုးခြင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဆက်လက်ပြီးတော့မှ ရှင်းလင်းတင်ပြပါမယ်ခင်ဗျား။ နိုင်ငံတော်အစိုးရသစ် တာဝန်ယူတဲ့ ၂၀၁၁ခုနှစ်ကနေပြီးတော့ ၂၀၁၅ ခုနှစ်အထိအောင် လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ ဥရုချောင်းရှင်းလင်းခြင်း လုပ်ငန်းအပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့မှုနဲ့ပတ်သက်ပြီးတော့ (၁) ဥရုချောင်းနှင့် ချောင်းလက်တက်များအတွင်းမှ ဖယ်ရှားရှင်းလင်းခဲ့တဲ့ သဲ၊ ကျောက်၊ မြေ တန်ချိန်(၄၁.၃၆၄) သန်းခန့်၊ ကုဗပေပေါင်း (၁၈၇၁၇.၄၁) သန်းခန့်ရှိပါတယ်။ ဥရုချောင်းကမ်းပါး တာဘောင်ပြုလုပ်ခြင်းနဲ့ ပတ်သက်ပြီးတော့ သဲ၊ ကျောက်၊ မြေတန်ချိန်(၅၅၆၀၈)တန်၊ ကုဗပေအားဖြင့် (၉၆၈၆၄၁)ကုဗပေ ကျွန်တော်တို့ တာဘောင်ပြုလုပ်ပေးခဲ့ပါတယ်။ အသုံးပြုခဲ့တဲ့ ယန္တရားများ Back-hoe (၄၆၇) စီး၊ မြေသယ်ယာဉ်(၃၂၄)စီးသုံးစွဲခဲ့ပါတယ်။ သုံးစွဲခဲ့တဲ့ စက်သုံးဆီ စုစုပေါင်း(၆၇၁၈၂၁)ဂါလန်ကို ကျွန်တော်တို့သုံးစွဲခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့ သစ်ပင်တွေနဲ့ ပတ်သက်ပြီးတော့ နယ်မြေ(၁၀)ခုမှာ ပျိုးဥယျာဉ် (၁၀)ခုတည်ဆောက် ခဲ့ပြီး ပျိုးပင်ပေါင်း(၃၉၉၀၀)ပျိုးထောင်ထားပြီးသားအပင်(၂၄၇၇၀)၊ မြေဧရိယာ (၄၄.၅၀)ဧကမှာ စိုက်ပျိုးခဲ့ပြီး ဖြစ်ပါတယ်။ ကုမ္ပဏီ(၄၁) ခုမှာပျိုးဥယျာဉ် (၄၀)ခုတည်ဆောက်ပြီး ပျိုးပင်ပေါင်း (၁၈၈၀၀) ပျိုးထောင်ထားပြီးတော့ ပျဉ်းကတိုး (၃၀၀)နဲ့ ကျွန်း (၁၀၀)ပင်၊ မလေးရှား(၁၀၀)ပင်နှင့် အခြားသစ်ပင်(၂၈၃၀)ပင်ကို စိုက်ပျိုးထားရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကြီးကြပ်မှုကော်မတီဖွဲ့စည်းမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြပါမယ်။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ဖို့အတွက်ကို ကချင်ပြည်နယ်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီကို ကချင်ပြည်နယ် အစိုးရအဖွဲ့က (၁၆-၇-၂၀၁၅) ရက်စွဲပါ ရုံးအမိန့်အမှတ်(၁၂/၂၀၁၅)နဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့မှ သစ်တောနဲ့သတ္တုဝန်ကြီးဌာန၊ ဝန်ကြီးသည်ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်း(၁၈)ဦးအား အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (၁)ဦးကို အတွင်းရေးမှူးအဖြစ် လည်းကောင်း၊

ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (၁)ဦးကို တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ဖွဲ့စည်းထားရှိပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနသည် ရတနာနယ်မြေ အသီးသီးမှာ ရှိတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်မှု အစီရင်ခံစာကိုလည်း ပြည်ထောင်စု အစိုးရအဖွဲ့ရုံးကို ၂၀၁၁ ခုနှစ်မှ စပြီးတော့မှ လစဉ်တင်ပြအစီရင်ခံလျက်ရှိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၅ခုနှစ်နောက်ပိုင်းမှာ ကျောက်စိမ်းရိုင်း တူးဖော်ထုတ်လုပ်မှုလုပ်ငန်းကို အရွယ်အစားကြီးမားတဲ့ ကျောက်ဖောက်စက်၊ မြေကော် စက်နဲ့ မြေတူးစက်စတဲ့ စက်ယန္တရားများကို အသုံးပြုပြီး ဟင်းလင်းဖွင့် စနစ်နဲ့ တူးဖော်ခဲ့ကြပါတယ်။ တူးဖော် ရရှိတဲ့မြေစာတွေကို စက်ယန္တရားများအသုံးပြုပြီး ကျောက်စိမ်းရိုင်းတွေ ရှာဖွေကြပါတယ်။ ရှာဖွေပြီးတဲ့ မြေစာတွေကို မြေစာပုံများမှာ စွန့်ပစ်ကြပါတယ်။ စွန့်ပစ်ရတဲ့မြေစာတွေမှာ ရောနှောပါရှိ သွားတဲ့ ကျောက်စိမ်းရိုင်းအချို့ကို ရှာဖွေပြီး ကောက်ယူရောင်းချကြရာမှ စွန့်ပစ်မြေစာမှာပါတဲ့ ကျောက်စိမ်းရိုင်းများကို ရှာဖွေတဲ့ လူအုပ်စုတစ်စု ပေါ်ပေါက်လာပါတယ်။ အဲဒီလူအုပ်စုဟာ တွေ့ရှိတဲ့ ကျောက်စိမ်းရိုင်းများကို ရေမဆေးမီ ရောင်းချကြတဲ့ အတွက်ကြောင့်မို့လို့ စွန့်ပစ်မြေစာပါ ကျောက်စိမ်း ရိုင်းများကို တရားမဝင် ရှာဖွေသူများဟာ ရေမဆေးများအဖြစ် အမည်တွင်လာခဲ့တာ ဖြစ်ပါတယ်။ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ ၂၀၁၁ ခုနှစ် ကစပြီးတော့မှ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ ရပ်နားခဲ့တဲ့ အတွက်ကြောင့်မို့လို့ မြေစာပုံများမှာ တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေခြင်း မပြုနိုင်သော်လည်း ဆန့်ကျင်ဘက် အဖွဲ့အစည်းများထံမှ ခွင့်ပြုချက် တောင်းခံပြီး ကျောက်စိမ်းလုပ်ကွက်များအတွင်းမှာ တရားမဝင် ဝင်ရောက်တူးဖော်ခြင်း၊ ကုမ္ပဏီများရဲ့ ကျောက်ဂိုဒေါင်များကနေပြီးတော့ ကျောက်စိမ်းရိုင်း တွေကို ခိုးယူခြင်းများကို ဆောင်ရွက်ခဲ့ကြတဲ့ အတွက်ကြောင့်မို့လို့ တူးဖော်မှုလုပ်ငန်း ရပ်နားထားစဉ် အတွင်းမှာ တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေသူ(ရေမဆေး )များအရေအတွက်တွေဟာ ပိုမိုများပြားလာခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှာ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်း တွေ ပြန်လည်စတင်ပေမယ့်လည်း ရေမဆေးအရေအတွက်ဟာ လျော့ပါးသွားခြင်းမရှိဘဲနဲ့ ကုမ္ပဏီများက တူးဖော်စွန့်ပစ်တဲ့ မြေစာပုံများမှာ တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေခြင်း၊ တူးဖော်မှုမရှိတဲ့ လုပ်ကွက် များအတွင်းမှာ တရားမဝင်ဝင်ရောက် ကျောက်စိမ်းတူးဖော်မှုများကို ဆန့်ကျင်ဘက်လက်နက်ကိုင် အဖွဲ့အစည်းများရဲ့ ခွင့်ပြုထောက်ပံ့မှုများနဲ့ လုပ်ကိုင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။

ဖားကန့်မြို့နယ်အတွင်းမှာ ကြည့်မယ်ဆိုရင် ဖားကန့်မြို့နယ်မှာမြို့(၂)မြို့၊ ရပ်ကွက်(၆)ခု၊ ကျေးရွာအုပ်စု(၁၅)စု၊ ကျေးရွာပေါင်း(၈၂)ရွာ၊ အိမ်ခြေပေါင်း(၄၀၃၄၅)အိမ်၊ အိမ်ထောင်စုပေါင်း (၄၀၇၁၂) စု၊ ကချင်လူမျိုး(၇၃၉၁၀)ဦး၊ ကရင်က(၁၆၇၈)ဦး၊ ချင်း(၁၃၇၈)ဦး ၊ဗမာ(၃၉၅၃၄)ဦး၊ မွန်(၅၃)ဦး၊ ရခိုင်(၅၀၈၇)ဦး၊ ရှမ်း(၅၂၃၅၉)ဦးနဲ့ အခြားလူမျိုး (၂၆၅၀)ဦးတို့ဖြစ်ပြီးတော့မှ ပုံစံ(၁၀)နဲ့ နေထိုင်သူဒေသခံလူဦးရေ ကျား(၉၆၈၈၀)ဦး၊ မ (၇၇၆၂၅)ဦးနဲ့ စုစုပေါင်း (၁၇၆၆၅၀)ဦးဖြစ်ပါတယ်။ သန်းခေါင်စာရင်းကောက်ယူမှုအရ (၁၁၂၅၂၈)ဦး ရှိပြီးတော့မှ နိုင်ငံမှာရှိတဲ့ ဒေသအသီးသီးကနေ လာရောက်လုပ်ကိုင်တဲ့ အလုပ်အကိုင်ရွှေ့ပြောင်းလာသူ စုစုပေါင်းက (၁၃၅၈၀၇၈)ဦး ရှိပါတယ်။ ကိုးကွယ်တဲ့ဘာသာများအနေနဲ့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့ ကိုးကွယ်နေထိုင် ကြပါတယ်။၂၀၁၄ခုနှစ်၊ စက်တင်ဘာလ (၁)ရက် နေ့ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်း များ ပြန်လည်ခွင့်ပြုခဲ့တဲ့ အချိန်မှစပြီး ကုမ္ပဏီများရဲ့ တရားဝင်လုပ်ကိုင်ခွင့်ရ ကျောက်စိမ်း လုပ်ကွက်

များအတွင်းမှာ လည်းကောင်း၊ စွန့်ပစ်မြေစာပုံများ အနီးမှာလည်းကောင်း တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေသူ(ရေမဆေး)များရဲ့ ကျူးကျော်တဲများနဲ့ ပွဲကျဈေးဆိုင်များ ဘေးအန္တရာယ် ဖြစ်ပွားနိုင်သည် အထိအောင်ရှိလာတဲ့ အတွက်ကြောင့်မို့လို့ တားဆီးဖယ်ရှား ရှင်းလင်းနိုင်ဖို့အတွက် သတ္တုတွင်းဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာရှိတဲ့ ကျောက်စိမ်းတူးဖော်ရေး(လုံးခင်း)အနေနဲ့ သက်ဆိုင်ရာဌာနများကို တင်ပြခဲ့ပါတယ်။

တင်ပြခဲ့မှုနဲ့ပတ်သက်ပြီးတော့ ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို (၂၅)ကြိမ် တင်ပြခဲ့ပါတယ်။ နယ်မြေလုံခြုံရေးနဲ့ စိုးမိုးရေးတာဝန်ယူတဲ့ တပ်မဌာနချုပ်ကို (၁၉)ကြိမ်တင်ပြခဲ့ပါတယ်။ ကချင်ပြည်နယ် အစိုးရအဖွဲ့ကို (၃)ကြိမ်တင်ပြခဲ့ပါတယ်။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့အထိအောင် မြေစာပုံပြိုကျခြင်း (၁၇)ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ လူ(၅၅)ယောက် သေဆုံးပြီးတော့မှ (၃၃)ယောက် ဒဏ်ရာရရှိပါတယ်။ အဲဒီလိုမြေစာပုံ ပြိုကျမှုဖြစ်စဉ်များ နောင်မှာမဖြစ်စေဖို့အတွက်ကို ကြိုတင်ကာကွယ်ဆောင်ရွက်ဖို့ ကချင်ပြည်နယ် အစိုးရအဖွဲ့က (၃၁-၃-၂၀၁၅) ရက်စွဲပါစာအမှတ်နဲ့ ကွင်းဆင်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့တွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်တွေ၊ သက်ဆိုင်ရာရပ်ကွက် /ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပါဝင်ကြပါတယ်။ အဲဒီအဖွဲ့မှာပဲ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများနှင့်အတူ အပတ်စဉ်ကွင်းဆင်း စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုကွင်းဆင်း စစ်ဆေးဆောင်ရွက်တဲ့ အတွက်ကြောင့်မို့လို့ ယခုဖြစ်ပွားခဲ့တဲ့ အထက်မက်လင်ချောင် မြေစာပုံဟာ အန္တရာယ်ရှိတဲ့ မြေစာပုံဖြစ်တဲ့ အတွက်ကြောင့် အန္တရာယ်ရှိသည် ဆိုပြီးတော့မှ ဆိုင်းဘုတ် စိုက်ထူထားခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မက်လင်ချောင် စုပေါင်း မြေစာပုံပြိုကျတဲ့ဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြပါမယ်။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ အထက်မက်လင်ချောင် စုပေါင်းမြေစာပုံမှာ လျှန်ရှန်းကျောက်မျက်ရတနာကုမ္ပဏီကမြေစာစွန့်ပစ်တဲ့နေရာမှာ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ (၂၁ ) ရက်နေ့၊ မနက် (၃) နာရီ အချိန်ခန့်က အလျားပေ (၃၀၀)၊ အကျယ်ပေ(၂၀၀)၊ အမြင့်ပေ(၂၀၀)ရှိတဲ့ မြေစာထုပြုတ်တောက်လျှောကျမှု ဖြစ်စဉ်ဖြစ်ပွားခဲ့ပါတယ်။ ဒီမှာ ကျွန်တော်ရှင်းလင်းတင်ပြချင်တာက ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဖြစ်နေတဲ့ သတင်းတွေဟာ မြေစာပုံရဲ့ အမြင့်ပေဟာ ပေ(၁၀၀၀)လောက်ရှိတယ်လို့လည်း ပြောတာကြားတာ ကျွန်တော်တို့ဖတ်ရ၊ ပြုရတွေ့ရပါတယ်။ တကယ်တမ်းကျတော့ ပေ (၁၀၀၀)ဆိုသည်မှာ ဟိုးအောက်ခြေလို ground level ကနေပြီးတော့မှ မြေစာပုံထိပ်အမြင့်ထိအောင် အမြင့်ပေကိုတိုင်းပြီးတော့မှ ခန့်မှန်းအမြင့်ပေ (၁၀၀၀) လောက်ရှိတယ်လို့ ပြောကြပါတယ်။ မြေစာပုံရဲ့အသားတင် အမြင့်ပေဟာ ပေ (၂၀၀) လောက်ပဲရှိတဲ့ အနေအထားကို ကျွန်တော်တို့ သွားရောက်စစ်ဆေးတဲ့အဖွဲ့ကနေပြီးတော့မှ အစီရင်ခံတင်ပြချက်အရ သိရှိရပါတယ်ခင်ဗျား။

ဖြစ်စဉ် ဖြစ်ပွားမှုကြောင့် သေဆုံးကြရတဲ့ အကြောင်းအရင်းကို ပြန်လည်သုံးသပ်မယ်ဆိုရင် ဒီမြေစာပုံပြိုကျတဲ့ဖြစ်စဉ် မဖြစ်ပွားမီ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေက ကျူးကျော်တဲတွေကို အကြိမ်ကြိမ် ဖယ်ရှားရှင်းလင်းဖို့ ပြုလုပ်ပါတယ်။ မြေစာစွန့်ပစ်တဲ့ လျှန်ရှန်းကျောက်မျက်ကုမ္ပဏီကလည်း ကျူးကျော်တဲကို ရွှေ့ပြောင်းနိုင်ဖို့ အတွက်ကို ရွှေ့ပြောင်းစရိတ်အဖြစ် တဲ(၁)လုံးမှာ ငွေကျပ်(၂)သိန်းနဲ့

ဆန်(၁)အိတ်စီ ထောက်ပံ့ပေးခဲ့ပါတယ်။ ဒီလိုထောက်ပံ့ ဆောင်ရွက်ပေးခဲ့ပေမယ့်လည်း ဒီရေမဆေး ကျောက် ကျောက်စိမ်းရိုင်းရှာဖွေသူတွေ၊ ပျံကျအလုပ်သမားတွေအနေနဲ့ ငွေနဲ့ပစ္စည်းကိုသာ လက်ခံယူပြီး တော့မှ ကျောက်စိမ်းရလိုမှု လောဘဇောများနဲ့ စိတ်အားထက်သန်မှုများ ရှိနေတဲ့အတွက်ကြောင့် မိမိတို့ရဲ့ အသက်ဘေးအန္တရာယ် ကင်းရှင်းမှုကို အလေးဂရုမပြုနိုင်ကြတော့ဘဲ မြေစာပုံဘေးမှာပဲ ပျံကျတဲတွေ ဆောက်လုပ်နေထိုင်ကြတဲ့ အတွက်ကြောင့်မို့လို့ ယခုကဲ့သို့ မြေစာပုံပိပြီးတော့မှ သေဆုံးကြရ ခြင်းဖြစ် ကြောင်းတွေ့ရှိရပါတယ်။

ကယ်ဆယ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အချိန်ကန့်သတ်ချက်ရှိတဲ့အတွက် ကြောင့်မိုလို့ အသေးစိတ် မတင်ပြတော့ပါဘူး။ ကျွန်တော်တို့ ဒီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုကို သက်ဆိုင်ရာ သေဆုံးသွားတဲ့ လူပုဂ္ဂိုလ်များရဲ့ ဘာသာအလိုက် ကျွန်တော်တို့ ဒါလိုအပ်တဲ့ ဆောင်ရွက် မှုတွေ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီမှာကျွန်တော်တင်ပြချင်တာကတော့ ဒီလိုကွယ်လွန်သွားကြတဲ့ ရှာဖွေ တွေ့ရှိတဲ့ ရုပ်အလောင်း (၁၁၄)လောင်းမှာ နေရပ်လိပ်စာ၊ လူမျိုးသိရှိပြီးတော့ ဖော်ပြနိုင်တဲ့သူ (၁၀၄)ဦး၊ ရှိပါတယ်။ မဖော်ပြနိုင်တဲ့သူက (၁၀)ဦး ရှိပါတယ်။ သေဆုံးသူ (၁၀၄)ဦးမှာပြန်ကြည့်ရင် ဒေသခံ ဖားကန့် မြို့နယ်က (၄)ဦးပဲရှိပါတယ်။ ရခိုင်ပြည်နယ်က (၁၉)ဦးရှိပါတယ်။ စစ်ကိုင်းတိုင်းက(၅၈)ဦးရှိပါတယ်။ မကွေး တိုင်းက (၁၀)ဦးရှိပါတယ်။ မန္တလေးတိုင်းက (၁)ဦးရှိပါတယ်။ ရှမ်းပြည်နယ်က (၅)ဦးရှိပါတယ်။ တနင်္သာရီတိုင်းက (၁)ဦး ရှိပါတယ်။ ဧရာဝတီတိုင်းက (၁)ဦးရှိပါတယ်။ ပဲခူးတိုင်းက (၁)ဦးရှိပါတယ်။ ကချင်ပြည်နယ်အခြားဒေသတွေက (၄)ဦး ဖြစ်ပါတယ်။ ဒီလိုသေဆုံးမှုအရေအတွက်ကို ပြန်ပြီးကြည့်မယ် ဆိုလို့ရှိရင် ဒေသခံသေဆုံးတဲ့ လူအရေအတွက်ဟာ အင်မတန်မှ နည်းပါးပြီးတော့ ဒေသအသီးသီး ကနေပြီးတော့မှ လာရောက်လုပ်ကိုင်ကြတဲ့ အခြေအနေမဲ့တွေဟာ မြင့်မားစွာပါဝင်နေကြောင်း ဒါကို ကျွန်တော် သုံးသပ်တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

မြေစာပိသေဆုံးတဲ့ သူများနဲ့ပတ်သက်ပြီးတော့ လိုအပ်တဲ့ဆောင်ရွက်မှုတွေ ဆောင်ရွက် ပေးပြီးဖြစ်ပါတယ်။ အဲဒီမှာ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းက တစ်ဦးမှာ ငွေကျပ် (၃)သိန်းနှုန်းနဲ့ငွေကျပ် သိန်း(၃၄၂)သိန်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဦးလျှင် ငွေကျပ် (၁)သိန်း နှုန်းနဲ့ ငွေကျပ်သိန်း (၁၁၄)သိန်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေး ဝန်ကြီးဌာနမှ (၈၃)သိန်း၊ ဒါကတော့အမှန်တကယ်လူ၊ အမှန်တကယ်မှတ်ပုံတင်နဲ့ အမှန်တကယ်ဖော် ထုတ်နိုင်တဲ့အရေအတွက် (၈၃)ယောက်အတွက်ကို (၈၃)သိန်းပေးတာဖြစ်ပါတယ်။ စုစုပေါင်း(၅၃၉)သိန်း၊ ဖားကန့်မြို့နယ် ဌာနဆိုင်ရာများနဲ့ ဒေသခံများကဆန်(၁၄၄)အိတ်၊ ဆီ(၂၂၈)ပိဿာ လှူဒါန်းပါ တယ်။ သတ္တုတွင်းဝန်ကြီးဌာန မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းကလည်း မြေစာပုံ ပြိုကျတဲ့ဖြစ်စဉ် မှာလိုအပ်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ ကျပ်သိန်း(၃၀၀) ထပ်မံလှူဒါန်းခဲ့ပါ တယ်။ ၂၀၁၅ခုနှစ်၊ ဩဂုတ်လအတွင်းက နေရာအနှံ့အပြားမှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးနစ်မြုပ်ခဲ့မှုများမှာ လည်း အလားတူ ဖားကန့်ဒေသ ရေဘေးအလှူငွေ အဖြစ်နဲ့ ကျပ်သန်း(၂၀၀)လှူဒါန်းပေးခဲ့ပါတယ်။

ရေမဆေးကျူးကျော်တဲတွေကို ပြောင်းရွှေ့ပေးဖို့လည်း ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ခဲ့ပါ တယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အထက်မက်လင်ချောင် စုပေါင်းမြေစာပုံအနီးမှာ မြေပြိုပြီးတော့မှ မြေပြိုတဲ့နေရာလွတ်မြောက်သွားကြတဲ့ ပျံကျတဲအိမ် (၁၀၈)အိမ်ရှိပါတယ်။ လူဦးရေ (၂၇၈)ဦးရှိပါတယ်။ ထပ်မံပြီးတော့မှ ဒီအဖွဲ့တွေဟာ မြေပြိုပြီးတော့မှ သေဆုံးမှုမဖြစ်ရအောင် ကန်ခမ်ဘွမ်ရွာ၏ အရှေ့

မြောက်ဘက် ပေ(၂၀၀၀)ခန့် အကွာ၊ အထက်မက်လင်ချောင် မြေစာပုံကနေပြီးတော့ အနောက်တောင်ဘက်ပေ(၃၀၀၀)ခန့် အကွာမှာ အဲဒီမြေနေရာလွတ်မှာ မြေအကွက် အိမ်ကွက်ပေါင်း (၁၉၀)ခန့် အကွက်ရိုက်ပါတယ်။ ပေ (၂၀)၊ (၁၀)ပေ အကွက်ပေါင်း (၁၉၀) အကွက်ရိုက်ခဲ့ပါတယ်။ ၁၅-၁၂-၂၀၁၅ ရက်နေ့က စပြီးတော့မှ ကုမ္ပဏီက ကားတွေနဲ့ နေရာရွှေ့ပြောင်းပေးပါတယ်။ မြေငှားရမ်းခ အဖြစ်နဲ့လည်း (၁)ကွက်ကို(၁)လကို (၁)သောင်း ကျပ်နှုန်းနဲ့ (၆)လအတွက် ကျပ်(၆၀၀၀၀) ဒါကျွန်တော်တို့ ပျံကျတဲ (၁၀၈)အိမ်အတွက်ကို သက်ဆိုင်ရာ ကုမ္ပဏီကနေပြီးတော့မှ ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို ထောက်ပံ့မှုတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျပ်(၆)သောင်းပေးရတဲ့အကြောင်းက ကျွန်တော်တို့ နေရာသစ်ကို ရွှေ့ပြောင်းပေးတဲ့မြေနေရာသည် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားတွေရဲ့ သူတို့ရဲ့ တောင်ယာလုပ်ကိုင်တဲ့ အကွက်များဖြစ်တဲ့ အတွက်ကြောင့်မို့လို့ နောင်မှာဒီလိုအလားတူ ပြဿနာမျိုး မဖြစ်အောင် တောင်ယာလုပ်နေကြတဲ့တောင်သူများနဲ့ ညှိနှိုင်းပြီးတော့မှ သူတို့အတွက်ကို ထောက်ပံ့ကြေး အနေနဲ့ မြေကွက် တစ်ကွက်အတွက် ပေ(၂၀)၊ (၁၀)ပေ မြေကွက်(၁)ကွက် အတွက်ကို (၆)သောင်းစီ ကျွန်တော်တို့ ပေးခဲ့တာ ဖြစ်ပါတယ်။ ကုမ္ပဏီက စိုက်ထုတ်ပေးတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြေစာပုံများပြိုကျပြီးတော့မှ မြေစာဖုံး လွှမ်းသေဆုံးမှုများနဲ့ ပတ်သက်ပြီးတော့မှ သုံးသပ်ချက်များ ကျွန်တော်ဆက်လက်ပြီးတော့ တင်ပြပါရစေ။ သတ်မှတ်ခဲ့တဲ့ စုပေါင်းမြေစာပုံ နေရာများဟာ လူနေကျေးရွာ /ရပ်ကွက်များနဲ့ ဝေးကွာတဲ့နေရာ ဖြစ်ပေမယ့်လည်း ရေမဆေးကျောက်စိမ်းရိုင်း ရှာဖွေသူများ သွားလာရေး အခက်အခဲကြောင့် မို့လို့ မြေစာပုံများအနီးမှာ ပျံကျတဲထိုးနေထိုင်ခြင်း၊ ဒီလိုတဲထိုး နေထိုင်ခြင်းရှိတဲ့ အတွက်ကြောင့်မို့လို့ တဲထိုးနေထိုင်တဲ့ ပျံကျတွေအပေါ်မှာ ဈေးဆိုင်များထပ်မံပြီးတော့မှ တဲထိုးဖွင့်လှစ်လာခြင်း၊ စုပေါင်း မြေစာပုံများအနီးတွင် ပျံကျတဲထိုးနေထိုင်မှုများသည် အန္တရာယ်ရှိနိုင်သည့်အတွက် ဖယ်ရှားပေးရန် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများမှ အမိန့် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပေမယ့်လည်း လိုက်နာမှုမရှိဘဲ ကျောက်စိမ်းရိုင်းရလိုစိတ်နဲ့ လောဘစိတ် ထက်သန်ပြီးတော့မှ ထိခိုက်ဒဏ်ရာရ သေဆုံးမည်ကို အလေးမထားတော့ဘဲ အတင့်ရဲ ပြီးတော့မှဆက်လက်နေထိုင်ကြခြင်း၊ မြေစာပုံ အဟောင်းများ ပြိုကျမှုမရှိစေရန်အတွက် လှေကားထစ်ပုံစံနဲ့ ထိန်းချုပ်မှုလုပ်ငန်းများကို သတ္တုတွင်းဝန်ကြီးဌာနက နှစ်စဉ်ဆောင်ရွက်ခဲ့သော်လည်း ရွှေနှင့်ကျောက်စိမ်းရိုင်းများ ရလိုမှုအတွက် ရေမဆေးများက ရေမျော တိုက်ရှာဖွေကြတဲ့အတွက်ကြောင့်မို့လို့ မြေစာပုံများပြန်လည်ပြိုကျမည့် အခြေအနေဖြစ်ပေါ်လာနိုင်ခြင်း။ မြေစာပုံများတွင် ကျောက်စိမ်းရိုင်းရှာဖွေစဉ် တစ်စုံတစ်ရာ ထိခိုက်မှုရှိခြင်း၊ ကုမ္ပဏီများ၏ မြေစာဝင်လမ်း၊ ထွက်လမ်းများတွင် မတော်တဆ ယာဉ်တိုက်မှုများဖြစ်ပွားခြင်း၊ လုပ်ကွက်များအတွင်း ဝင်ရောက် ကျူးကျော် တူးဖော်သူများ တစ်စုံတစ်ရာ ထိခိုက်မှုရှိခြင်းများအတွက် ရေမဆေးများသည် သူတို့အင်အား ကို အသုံးပြု၍ သက်ဆိုင်ရာကုမ္ပဏီများထံမှ မြောက်မြားစွာသော လျော်ကြေးများ တောင်းခံခြင်း၊ ကုမ္ပဏီများကလည်း လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် တောင်းဆိုသည့် လျော်ကြေးအတိုင်း ပေးလျော်မှုများရှိခြင်း။

လုံးခင်း၊ ဖားကန့်ရတနာနယ်မြေတွင် ဆန့်ကျင်ဘက်လက်နက်ကိုင် အဖွဲ့အစည်းက တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေသူများကိုစုဆောင်း၍ စွန့်ပစ်မြေစာပုံများတွင် ကျောက်စိမ်းရိုင်း ရှာဖွေစေပြီး ရရှိတယ်ဆိုလို့ရှိရင် ဒီကျောက်စိမ်းကိုလိုက်ပြီးတော့မှကောက်တဲ့ ကောက်ရိုးလောပန်းများက ဝယ်ယူခြင်း၊ လုပ်ကွက်များအတွင်းတွင် မြေနေရာများ သတ်မှတ်ရောင်းချ၍ တရားမဝင် ကျောက်စိမ်းတူးဖော်စေခြင်း

စသည့်လုပ်ငန်းများ ဆောင်ရွက်မှုနှင့် အစဉ်အဆက် ဟန့်တားအရေးယူမှုများ ထိရောက်စွာမဆောင်ရွက်နိုင်ခဲ့ခြင်းတို့ဟာ ရတနာနယ်မြေအတွင်းမှာ ရေမဆေးအင်အားများကို တိုးပွားလာစေသော အကြောင်းရင်းတွေဖြစ်တာတွေ့ရမှာဖြစ်ပါတယ်။ တိုးပွားလာတဲ့ ရေမဆေးအင်အားတွေကို ထိန်းချုပ်နိုင်မှုခက်ခဲခြင်း၊ ဆန့်ကျင်ဘက် လက်နက်ကိုင်အဖွဲ့အစည်းက ကျောက်စိမ်းလုပ်ကွက်များအတွင်းမှာ ဝင်ရောက်ဖျက်ဆီးတယ်။ အဲဒီလို အဖျက်ဆီး မခံရအောင် ငွေကြေးမပေးဘူးဆိုလို့ရှိရင် ယာဉ်၊ ယန္တရားများကိုဖောက်ခွဲဖျက်ဆီးတယ်။ မီးရှို့ဖျက်ဆီးတယ် စသည်ဖြင့် နည်းလမ်းများနဲ့ နှောင့်ယှက်ဖျက်စီးခြင်းများသည်လည်း နယ်မြေရဲ့ တရားဥပဒေစိုးမိုးရေး လျော့ကျပြီးတော့မှ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲမှုများကိုစနစ်တကျ ဆောင်ရွက်နိုင်မှု ခက်ခဲတာကို တွေ့ရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး အသက်ဝင်မှုအားနည်းတဲ့အတွက်ကြောင့် မိုလို့ယခုလို မြေစာပုံပြိုကျခြင်း ဖြစ်စဉ်များနှင့် လူအသေအပျောက် ဆုံးရှုံးမှုများပြားခဲ့ခြင်းဖြစ်ပါတယ်။ နယ်မြေအတွင်း တရားဥပဒေစိုးမိုးနိုင်ပြီး တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေသူရေမဆေးများ အပါအဝင်ပျံ့ကျရွှေ့ပြောင်းလုပ်သားများကို ကန့်သတ် ထိန်းချုပ်နိုင်တဲ့အတွက်ကြောင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ စီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်နိုင်မယ်ဆိုလို့ရှိရင် မြေစာပုံပြိုကျမှုဖြစ်စဉ် များဖြစ်ပွားမှုလျော့ကျသွားနိုင်ပါတယ်။ မူဝါဒပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ချက်များကြည့်မယ်ဆိုရင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ ကျောက်စိမ်းတူးဖော် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ ကျောက်မျက်ရတနာလုပ်ကွက် အမျိုးအစား(၃)မျိုးအနက်မှ သတ်မှတ်လုပ်ကွက်နဲ့ အကျိုးတူလုပ်ကွက်များကို တိုင်းရင်းသားပိုင်ကုမ္ပဏီ၊ သမဝါယမအသင်းများကိုသာ လုပ်ကိုင်ခွင့် ချထားပေးလျက်ရှိပါတယ်။ ဖော်ထုတ်လုပ်ကွက်များ အနေနဲ့ကတော့ တစ်ဦးချင်း အနေဖြင့်လည်းကောင်း၊ ကုမ္ပဏီသမဝါယမ အသင်းအနေဖြင့်လည်းကောင်း လုပ်ကိုင်နိုင်ပါတယ်။

လုံးခင်း၊ ဖားကန့်ရတနာနယ်မြေတွင် ဖော်ထုတ်လုပ်ကွက်တွေကို ၂၀၀၅ခုနှစ်မတိုင်မီအထိသာ လုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်။ ၂၀၀၅ခုနှစ်နောက်ပိုင်းမှာတော့ လုပ်ကိုင်ခွင့်မပေးတော့ပါဘူး။ စုစုပေါင်း လုပ်ကိုင်ခွင့်ပေးခဲ့တဲ့ ဖော်ထုတ်လုပ်ကွက် စုစုပေါင်းဟာ (၃၄၀၈)ကွက်ဖြစ်ပါတယ်။

ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းဟာ ငွေကြေးများစွာ ရင်းနှီးရတဲ့ သဘောသဘာဝရှိတဲ့ အတွက်ကြောင့် ငွေကြေးအရင်းအနှီးမရှိသူများ၊ ကုမ္ပဏီ၊ သမဝါယမအသင်း တည်ထောင်ခြင်းမရှိသူများ တစ်ဦးချင်းပုဂ္ဂိုလ်များ (ဒေသခံများအပါအဝင်)ကျောက်စိမ်းရိုင်း တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်းမရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျောက်စိမ်းရိုင်း ရှာဖွေလိုသူများဟာ ကုမ္ပဏီ၊ သမဝါယမအသင်းများက တူးဖော်စွန့်ပစ်သည့် မြေစာပုံများမှာ ရှာဖွေခြင်း၊ ကုမ္ပဏီ၊ သမဝါယမအသင်းများ၏ လုပ်ကွက်များအတွင်းမှာ တရားမဝင် ကျူးကျော်ဝင်ရောက် တူးဖော်ခြင်းများဖြစ်သည်ကို သုံးသပ် တွေ့ရှိရပါတယ်။ ကျောက်မျက်ရတနာများကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ဖို့ ဒေသရဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဖို့အတွက်ကို ရတနာနယ်မြေအသီးသီးတွင် လုပ်ကိုင်ခွင့်ရလုပ်ကွက်အကျယ်အဝန်း ဧကအလိုက် သုံးစွဲရမယ့် စက်ယန္တရား အရေအတွက်၊ ဝန်ဆောင်မှုအားတို့ကို ထပ်မံပြီးတော့မှ စနစ်တကျ သတ်မှတ်ထားရှိရမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ စွန့်ပစ်မြေစာပုံများ ပြိုကျပြီးတော့မှ မြေစာဖုံးလွှမ်းသေဆုံးမှုများ မရှိစေဖို့အတွက်ကို ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ကို ကျွန်တော်တင်ပြပါ့မယ်။ လုံးခင်း၊ ဖားကန့်ရတနာ နယ်မြေ

အတွင်းမှာ စွန့်ပစ်မြေစာပုံများပြိုကျပြီး မြေစာဖုံးလွှမ်းသေဆုံးမှုများ မရှိစေဖို့အတွက်ကို လုပ်ငန်းရပ် နှစ်ခု ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ (၁) မြေစာစွန့်ပစ်ရမယ့် မြေစာပုံများကို စနစ်တကျ သတ်မှတ်ပေးခြင်း၊ သတ်မှတ်ထားတဲ့ မြေစာပုံများမှာ မြေစာများ စနစ်တကျစွန့်ပစ်စုပုံခြင်းနှင့် မြေစာပုံ ပြိုကျမှု မရှိစေဖို့အတွက်ကို စွန့်ပစ်မြေစာပုံများကို စနစ်တကျ ထိန်းချုပ်ခြင်း၊ (၂) စွန့်ပစ်မြေစာပုံများ အနီးမှာ ကျူးကျော်တဲများ၊ ဈေးဆိုင်များ ဆောက်လုပ်နေထိုင်မှုမပြုစေခြင်းနှင့် စွန့်ပစ်မြေစာပုံများမှာ တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေမှု မပြုစေခြင်း၊ ရေမဆေးများ လျော့နည်းပပျောက်စေရေးတို့ ဆောင်ရွက်ရမှာဖြစ် ပါတယ်။ ဒီလို မြေစာစွန့်ပစ်ရမည့် မြေစာပုံနေရာများကို စနစ်တကျသတ်မှတ်ခြင်း၊ သတ်မှတ်ထားတဲ့ မြေစာပုံများမှာ စနစ်တကျစွန့်ပစ်ခြင်းနဲ့ ပတ်သက်ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာန ကွပ်ကဲမှု အောက်မှာရှိတဲ့ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)မှာ အရာထမ်း(၂၀)ဦးနဲ့ အမှုထမ်း (၆၅)ဦး ခန့်အပ်ထားပါတယ်။ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ဌာနအသီးသီးကနေပြီးတော့ တွဲဖက်အင်အား ဝန်ထမ်း(၁၁၃)ဦး ရှိပါတယ်။ စုစုပေါင်းဝန်ထမ်း (၁၉၈)ဦးရှိပါတယ်။ ကျောက်စိမ်း တူးဖော်ရေး လုပ်ငန်းတွေကို အနီးကပ် ကြပ်မတ်စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါတယ်။

မြေစာပုံ ပြိုကျမှု မရှိစေဖို့အတွက်ကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)အနေနဲ့ မြေစာများ စနစ်တကျ စွန့်ပစ်ကြဖို့ ကျောက်စိမ်းတူးဖော် ရေးလုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေကို ၂၀၁၅ခုနှစ်၊ မတ်လ (၂၆)ရက်နေ့က တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ(၂)ရက်နေ့က တစ်ကြိမ်၊ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ(၉)ရက်နေ့က တစ်ကြိမ် ညွှန်ကြားချက် တွေထုတ်ပြန်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဖားကန့်မြို့နယ် ဌာနဆိုင်ရာများ၊ ကျောက်စိမ်းတူးဖော် ရေးဌာန (လုံးခင်း)၊ မြို့နယ် အထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်တဲ့ မြို့နယ်မြေစာ စွန့်ပစ်မှု ကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီးတော့လည်း သဘာဝတရား ကြောင့်လည်းကောင်း၊ ပြိုကျပျက်စီးမှု မရှိနိုင်သည့်နေရာများနဲ့ အန္တရာယ်မရှိနိုင်သည့် နေရာများမှာ မြေစာပုံနေရာများ ရွေးချယ်သတ်မှတ်ခြင်း၊ မြေစာပုံများရဲ့ အကျယ်အဝန်းဧရိယာနှင့် စုပုံရမည့် အမြင့် ပေကိုသတ်မှတ်ခြင်း၊ သတ်မှတ်ထားသော မြေစာပုံများတွင် ကုမ္ပဏီများက စနစ်တကျစွန့်ပစ်မှုရှိ/မရှိ၊ မြေစာပုံများအနီးမှာ တရားမဝင် ပျံကျတဲများ နေထိုင်မှု ရှိ/မရှိ၊ မြေစာပုံများဟာ ပြိုကျမှု အန္တရာယ် ဖြစ်ပွားနိုင်ခြင်းရှိ/မရှိစတဲ့ အခြေအနေများကို စစ်ဆေးကြပ်မတ်ခြင်းတို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ရဲ့ (၂၄-၁၁-၂၀၁၅)ရက်နေ့ကနေပြီးတော့ (၂၅-၁၁-၂၀၁၅)ရက်နေ့အထိ ဖားကန့်ခရီးစဉ်မှာလည်း လက်ရှိစွန့်ပစ်နေတဲ့ မြေစာပုံ (၁၁)ပုံနေရာကို ကြီးကြပ်နိုင်ဖို့အတွက်ကို ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ (၁၁)ဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ထားပါတယ်။ အဲဒီအဖွဲ့ဟာ မြေစာသတ်မှတ်မြေစာပုံများမှာ ကုမ္ပဏီများက စနစ်တကျမြေစာစွန့်ပစ်ခြင်း ရှိ/မရှိ၊ ဘေးအန္တရာယ်ကျရောက်နိုင်မှု ရှိ/မရှိ အခြေအနေတို့ကို အနည်းဆုံး(၁)ပတ်မှာ နှစ်ကြိမ် ကွင်းဆင်း စစ်ဆေးပြီးတော့ မြို့နယ်အဆင့်ကြီးကြပ်ရေးအဖွဲ့ကို တင်ပြနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့လည်း ရတနာနယ်မြေအတွင်းမှာ ကျောက်စိမ်းတူးဖော် ထုတ်လုပ်တဲ့ ကုမ္ပဏီ၊ သမဝါယမအသင်းများကို မြေစာစွန့်ပစ်တဲ့နေရာမှာ လိုက်နာရမယ့်စည်းကမ်း သတ်မှတ်ချက် များအတိုင်း လိုက်နာဆောင်ရွက်စေပြီး ပျက်ကွက်မယ်ဆိုလို့ရှိရင်တော့ ဥပဒေ၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားပါမယ်။ လုပ်ငန်းသဘာဝနှင့် နယ်မြေတည်ငြိမ်မှုမရှိခဲ့တဲ့ အခြေ အနေအရစနစ်တကျ မြေစာပုံစုပုံနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် မြေစာပုံနေရာများမှာ ထပ်မံမြေစာ

စုပုံခြင်းမပြုလုပ်တော့ဘဲ မြေစာပုံများကို လှေကားထစ်ပုံသဏ္ဌာန် (ဘေးကင်းမှုလျှောစောက် Angle of Repose (45ဒီကရီ) ထက်မများစေဘဲ)ထိန်းချုပ်ခြင်းလုပ်ငန်းများကိုလည်းဆက်ပြီး ဆောင်ရွက်သွားပါမယ်။

ဘေးအန္တရာယ် ကင်းရှင်းမှု ဆောင်ရွက်ခြင်းနှင့် ပတ်သက်ပြီးတော့ မြေစာများ စွန့်ပစ်စုပုံခြင်းလုပ်ငန်းအပါအဝင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများမှာ ဘေးအန္တရာယ် ကင်းရှင်းမှုရှိစေရေးအတွက် တူးဖော်တဲ့အခါမှာ လှေကားထစ်ပုံသဏ္ဌာန်တူးဖော်စေခြင်း၊ အန္တရာယ်ရှိသည့် ကမ်းပါးယံများအနီးမှာ အဆောက်အအုံများ ဆောက်လုပ်နေထိုင်မှု မရှိစေခြင်း၊ လုပ်ငန်းခွင် ဝင်/ထွက်ရာလမ်းကြောင်းများမှာ မြေသားတည်ငြိမ်ကျစ်လစ်မှုရှိရန် ပြုလုပ်စေခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းတဲ့အချိန်များမှာ မြေပြိုလေ့ရှိတဲ့အတွက်ကြောင့်မို့ တူးဖော်မှုလုပ်ငန်းများနှင့် မြေစာစွန့်ပစ်မှုလုပ်ငန်းများ ရပ်နားထားစေခြင်းနှင့် ပြိုကျနိုင်သည့်နေရာများ၊ ဘေးအန္တရာယ်ဖြစ်ပွားနိုင်တဲ့ နေရာများမှာ ကန့်သတ်ဇရိယာ၊ မသွားရဇရိယာဆိုင်းဘုတ်များ စိုက်ထူစေခြင်း စတဲ့အချက်တွေကို လိုက်နာဆောင်ရွက်သွားအောင် ကြပ်မတ်ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့လည်း မြေစာပုံများ ပြိုကျမယ်ဆိုလို့ရှိရင် မြေစာပိမိသူများကို အလျင်အမြန် ကယ်ဆယ်နိုင်ဖို့အတွက်ကို ပြိုကျမှု ဖြစ်ပွားတဲ့ မြေစာပုံမှာ စက်ယန္တရားများနဲ့ ကယ်ဆယ်ရေးအဖွဲ့များစုဖွဲ့ခြင်း၊ ဖုံးလွှမ်းမြေစာများကို ဖယ်ရှား ရှင်းလင်းပြီးတော့မှ မြေစာပိမိသူများကို ရှာဖွေကယ်ဆယ်ခြင်း၊ ဒဏ်ရာရသူများကို ပြုစုစောင့်ရှောက်ခြင်း၊ သေဆုံးသူများရှိလာမယ်ဆိုလို့ရှိရင် မြှုပ်နှံသင်္ဂြိုဟ်ခြင်းစတဲ့ ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာ မြေစာပုံ အလိုက် လာရောက် ဆောင်ရွက်ရမည့် ကုမ္ပဏီ၊ ယာဉ်ယန္တရားစာရင်းများ ကြိုတင်သတ်မှတ်ခြင်း၊ ကယ်ဆယ်ရေးအဖွဲ့များကို ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြု ကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးရုံးများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအပါအဝင် စုဖွဲ့ခြင်း၊ လုပ်ငန်း တာဝန်သတ်မှတ်ခြင်း စသည်တို့ကို ကြိုတင်ပြီးတော့မှ ဆောင်ရွက်ထားရှိသွားပါမယ်။

ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း လုံးခင်း၊ ဖားကန့်ဒေသမှာ သဘာဝအန္တရာယ် အပါအဝင် အခြားမတော်တဆမှုများ ဖြစ်ပွားလာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန် သန္တေမီးသတ်တပ်ဖွဲ့ဝင် (၈)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၄၃၇)ဦး၊ ရှာဖွေကယ်ဆယ်ရေးတပ်စု (၁)စု (၃၅)ဦးနှင့် သန္တေမီးသတ်တပ်ဖွဲ့ပိုင်မီးသတ်ယာဉ် (၂)စီး၊ အရန်မီးသတ်တပ်ဖွဲ့ပိုင် မီးသတ်ယာဉ်(၁၃)စီး စုဖွဲ့ထားရှိပြီးတော့ ပထမအဆင့်အနေနဲ့ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ပေးမည် ဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ နီးစပ်ရာ မြို့နယ်များမှလည်းကောင်း၊ တတိယအဆင့်အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စုဖွဲ့ထားရှိတဲ့ ရှာဖွေကယ်ဆယ်ရေး တပ်ခွဲ(၁)ခွဲ၊ အင်အား (၁၁၆)ဦးထပ်မံစေလွှတ်ပြီးတော့ လည်းကောင်း စီစဉ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနသည် လုံးခင်း၊ ဖားကန့် ရတနာနယ်မြေအပါအဝင် ရတနာနယ်မြေ အသီးသီးမှာ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းတာဝန်ယူမှု (CSR) လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအတွက် ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုနဲ့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များထံမှ ထည့်ဝင်ငွေကို အရင်းမပျောက်မတည်ပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းတာဝန်ယူမှု (CSR)ရန်ပုံငွေအဖြစ် နိုင်ငံတော်သမ္မတရုံးကိုတင်ပြ၍ ခွင့်ပြုချက်အရ အမေရိကန်ဒေါ်လာ(၂)သန်းကို လုံးခင်း၊ ဖားကန့် ရတနာနယ်မြေအတွင်းမှာ လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ လျာထားသတ်မှတ်ပေးပြီး ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအသစ် တာဝန်ယူခဲ့တဲ့ကာလအတွင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်း များဖြစ်သည့် ဥရုချောင်းနှင့် ချောင်းလက်တက်များအတွင်း ချောင်းကြမ်းပြင်များ နှိမ့်ချခြင်း၊ သဲ၊ ကနယ်များ ဖယ်ရှား ပေးခြင်း၊ တူးဖော်ပြီးတဲ့ လုပ်ကွက်များကို မြေစာများပြန်လည်ဖို့ခြင်း၊ မြေပြင်ခြင်းများ ပြုလုပ်ပြီးတော့မှ သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံချက်ချမှတ်ပြီးတော့ ဆောင်ရွက်ခဲ့ ပေမယ့်လည်း လုံးခင်း၊ ဖားကန့်ဒေသမှာ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုထက်ပိုမိုပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်။ ၂၀၁၅ ခုနှစ်၊ ပွင့်လင်းရာသီမှာ ဥရုချောင်းနှင့် ချောင်းလက်တက်များ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင် များအသင်းတို့က Back-hoe (၅)စီး (HITACHI – ZX210LCH – 5G) အမျိုးအစားဖြစ်ပါတယ်။ ဝယ်ယူနိုင်ဖို့လည်း စီစဉ် ဆောင်ရွက် ပေးထားပြီးဖြစ်ပါတယ်။

စွန့်ပစ်မြေစာပုံများအနီးမှာ ကျူးကျော်တဲ၊ ဈေးဆိုင်တွေ ဆောက်လုပ်နေထိုင်မှု မပြုစေဖို့ စွန့်ပစ်မြေစာပုံများမှာ တရားမဝင်ကျောက်စိမ်းရိုင်းများ ရှာဖွေတာမလုပ်စေဖို့၊ ရေမဆေးများ လျော့နည်း ပပျောက်စေဖို့ ဆောင်ရွက်ခြင်းနဲ့ပတ်သက်ပြီးတော့ ကျူးကျော်တဲ၊ ဈေးဆိုင်များ ဖယ်ရှား ရှင်းလင်းရေးနဲ့ စွန့်ပစ်မြေစာပုံများတွင် တရားမဝင်ကျောက်စိမ်းရိုင်း ရှာဖွေမှုမပြုစေရေးနှင့် ရေမဆေးများ လျော့နည်း ပပျောက်စေဖို့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ အခြားလုပ်ငန်း ဆက်စပ်တဲ့ဝန်ကြီး ဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားပါမယ်။

ယခင်က ဖားကန့်ဒေသလုံခြုံရေးကို မြို့မရဲစခန်း(၁)ခု၊ နယ်မြေရဲစခန်း(၄)ခု၊ နယ်မြေရဲကင်း (၁)ခုတို့နဲ့ ဆောင်ရွက်ခဲ့ရာမှ လိုအပ်ချက်အရ ၂၀၁၁ခုနှစ် ဒီဇင်ဘာလ(၁၁)ရက် နေ့ကစပြီး အမှတ်(၁၆) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူး ဦးစီးသော စစ်ကြောင်း(၁)ကြောင်းနှင့် တပ်ခွဲ(၂)ခွဲကို တာဝန်ချထားပေး ခဲ့ပါတယ်။ ၂၀၁၅ခုနှစ်၊ မေလ(၁၇)ရက်နေ့ကစပြီးတော့မှ အမှတ်(၃၀)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲနှင့် တာဝန် လဲလှယ်ခဲ့ပြီးတော့မှ လုံခြုံရေးတာဝန်ယူမှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ ကချင်ပြည်နယ်၊ ဖားကန့် ဒေသမှာ ရေမဆေးကျောက်တူးသမားများ လုပ်ကိုင်နေမှုပိုမို များပြားလာတဲ့အတွက်ကြောင့်မို့ အုပ်ချုပ်ရေးနဲ့ လုံခြုံရေးအဖွဲ့များက ထိရောက်စွာ ကာကွယ်တားဆီးနိုင်ဖို့အတွက် မလိုလားအပ်သော ဖြစ်စဉ်များ မဖြစ်ပွားစေဖို့အတွက် ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန က ပြည်ထောင်စုဝန်ကြီးသည် နာယကအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း တာဝန်ယူဖွဲ့စည်းဆောင်ရွက်သွားဖို့ နိုင်ငံတော် သမ္မတရုံးက၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီ လ( ၄ )ရက်နေ့က ညွှန်ကြားထားခဲ့ပြီးဖြစ်ပါတယ်။

၁၅-၂-၂၀၁၄ ရက်နေ့မှာ ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဦးဆောင်တဲ့အဖွဲ့ဟာ ဖားကန့်ဒေသသို့ သွားရောက်ပြီး တော့မှ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စီမံချက်ရေးဆွဲခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိမှုအပေါ်မှာ အခြေခံပြီးတော့မှ လုံခြုံရေး လိုအပ်ချက်အရ ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၆ )ရက်နေ့မှာ အမှတ် (၇)လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့ခွဲနှင့် အမှတ်(၁၆)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူးတို့ ဦးစီးသောစစ်ကြောင်း (၁)ကြောင်းနှင့် တပ်ခွဲ(၂)ခွဲတို့ကို ထပ်မံတိုးမြှင့် ချထားခဲ့တဲ့အတွက်ကြောင့် လုံးခင်း၊ ဖားကန့်ဒေသတွင် စုစုပေါင်း လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ခွဲမှူးရုံး (၁)ခု၊ စစ်ကြောင်း (၂)ကြောင်း၊ တပ်ခွဲ(၄)ခွဲ တို့ဖြင့် ဖြန့်ခွဲ တာဝန်ပေးအပ်ခဲ့ပါတယ်။ အဆိုပါ

လုံခြုံရေး အဖွဲ့များနဲ့ ကုမ္ပဏီအတွင်း ရေမဆေးကျောက်ရှာဖွေသူများ ဝင်ရောက် ကျူးကျော်မှုများကို ရှင်းလင်းခြင်းကို ၂၀၁၃ခုနှစ်မှာ (၃၀)ကြိမ်၊ ၂၀၁၄ခုနှစ်တွင် (၁၀၉)ကြိမ်၊ ၂၀၁၅ခုနှစ်တွင် (၁၆)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်မို့ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ မလိုလားအပ်သောဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက်ကို ရေမဆေးများကို ပညာပေးပြီးတော့မှ သတိပေးခံဝန်များရေးထိုးပြီး နေထိုင်ရာဒေသများသို့ ပြန်လည်စေလွှတ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ (၇၉၈)ဦး၊ ၂၀၁၄ခုနှစ်တွင် (၃၅၂၆)ဦး၊၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့မှာ(၃၁၉)ဦး စုစုပေါင်း ရေမဆေး ကျောက်လုပ်ကိုင်ရှာဖွေသူများစုစုပေါင်း (၄၆၄၃)ဦးကို သက်ဆိုင်အရပ်ဒေသများကို ပြန်လည် စေလွှတ် ပေးခဲ့ပါတယ်။

ရေမဆေးကျောက် ရှာဖွေသူများအနေနဲ့ အနယ်နယ်အရပ်ရပ်ကနေပြီးတော့ လာရောက် ရှာဖွေသူများ ဖြစ်တဲ့ အားလျော်စွာ ရိုးရိုးသားသားလာရောက်စီးပွားရှာသူများဖြစ်တဲ့အပြင် တချို့များဟာ လည်း နေရာဒေသအသီးသီးမှာ ရာဇဝတ်ပြစ်မှုများဖြစ်ပွားပြီး ထွက်ပြေးတိမ်း ရှောင်လာသူများလည်း ပါဝင်ပါတယ်။ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်လိုသူများလည်း ရောနှောပါရှိလာနိုင်ပါတယ်။ ဒါကြောင့် စနစ်တကျ စစ်ဆေးကြပ်မတ်မှုများ မပြုလုပ်နိုင်ပါက နောင်မှာမလိုလားအပ်တဲ့ ပြဿနာများ ပိုမိုကြီးထွားလာ ပြီးတော့မှ ထုတ်ပြန်ထားတဲ့ ဥပဒေများဟာ သက်ရောက်မှုမရှိ ဖြစ်လာနိုင်ခြင်းတို့ကြောင့် ရေမဆေးပုံကျ လုပ်သားများ လျော့နည်းပပျောက်စေဖို့အတွက် တပ်မတော်၊ လက်နက်ကိုင်အဖွဲ့အစည်း များနှင့် ဆက်လက်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားပါမယ်။ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ကျောက်စိမ်း အပါအဝင် ကျောက်မျက်ရတနာတူးဖော်ခြင်း လုပ်ငန်းများကို တိုင်းရင်းသားပိုင် ကျောက်မျက်ကုမ္ပဏီ အသင်းများကသာ လုပ်ကိုင်နိုင်ရုံမက ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်လိုသည့် ဒေသခံများနဲ့ အခြားနယ်များမှ ပုဂ္ဂလိကတစ်ဦးချင်းစီက ဆောင်ရွက်နိုင်မယ့် ကျောက်မျက်ရတနာ လက်လုပ်လက်စား လုပ်ငန်းများနှင့် ကျောက်မျက်ရတနာအသေးစားလုပ်ငန်းများကို ခွင့်ပြုပေးနိုင်ရန်နှင့် ခေတ်စနစ်နှင့် လျော်ညီသည့် အချက်များကို ပြင်ဆင်နိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း မူကြမ်းကို ပြင်ဆင်ရေးဆွဲပြီးတော့မှ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်နဲ့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်၊ သတ္တုနဲ့သယံဇာတရေးရာကော်မတီ၊ ဥပဒေကြမ်းကော်မတီတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဆက်လက်ပြီးတော့မှ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၃၇) ရက်မြောက်နေ့မှာ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှာ ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့မှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ(မူကြမ်း)နဲ့ စပ်လျဉ်းပြီးတော့မှ လက်ခံရရှိကြောင်းလွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီတွင် အသေးစိတ် ညှိနှိုင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်မျက် ရတနာများကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနဲ့ပတ်သက်ပြီးတော့ ဒေသ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးတို့အတွက် သုံးစွဲရမည့် စက်ယန္တရားအရေအတွက်၊ ဝန်ဆောင်မှုအားတို့ကို ထပ်မံပြီးတော့မှ စနစ်တကျ သတ်မှတ်ထားရှိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြချက်များကို Power point နဲ့ အနည်းငယ်ရှင်းလင်း တင်ပြခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော်တို့ ကျောက်မျက်လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူးအဖွဲ့ ကွင်းဆင်းစစ်ဆေးတဲ့ပုံဖြစ်ပါတယ်။ အခုမြင်ရတဲ့မြေပုံက မြေပြိုကျတဲ့ ဖြစ်စဉ်ဖြစ်ပွားတဲ့နေရာဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ကျူးကျော်တဲတွေပုံ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ရေမဆေးကျောက် ရှာဖွေတဲ့လူတွေ ဒါ တက်ရောက်ပြီးတော့မှ ရှာဖွေ နေကြတဲ့ပုံပါ။ ထိပ်ဆုံးက Back-hoe ကနေပြီးတော့မှ ရေမဆေးကျောက်များကို ဒါပြန်လည်ပြီးတော့မှ သူတို့ကုမ္ပဏီအတွက်ကို ပြန်လည် ပြီးတော့မှ ကောက်ယူတာဖြစ်ပြီးတော့မှ သွန်ချနေတဲ့ ကားကတော့ မြေသယ်ယာဥ်ကနေပြီးတော့မှ သွန်ချတဲ့ကား ဖြစ်ပါတယ်။ အောက်ကကားကတော့ ဒါသွန်ချပြီးတော့ ပြန်ဆင်းလာတဲ့ကားဖြစ်ပါတယ်။ ဒါရေမဆေးကျောက်အဖွဲ့တွေ ဒါလောဘဇောနဲ့ မြေသွန်ချတဲ့မြေပြို ကျမယ့်ပိမယ့် အန္တရာယ်ကို မမှုတော့ဘဲ ဒါသူတို့ သူ့ထက် ငါ အတင်း ဝင်ရောက်ပြီးတော့မှ အလုအယက် ရှာဖွေနေကြတဲ့ပုံ ဖြစ်ပါတယ်။ အပေါ်မှာလည်းမြေက သွန်ချနေဆဲဖြစ်ပါတယ်။ ဒါကျွန်တော်တို့ မြေစာပုံ ပြိုကျပြီးတော့မှ ကျန်ရှိတဲ့ပုံဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ကျန်ရှိတဲ့မြေစာပုံကို အပေါ်ပိုင်းကနေပြီးတော့ ကျွန်တော် ရိုက်ထားတဲ့ပုံ ဖြစ်ပါတယ်။ ကျွန်တော်ပြောတဲ့ ပေ (၂၀၀)ဆိုတာ ကျွန်တော် အခု တင်ပြနေတဲ့ မြေစာပုံရဲ့ အမြင့်ဖြစ်ပါတယ်။ ပေ (၁၀၀၀)ကျော် ဆိုတာတော့ အခုမြင်ရတဲ့နေရာ လျှိုချောက်ကနေပြီးတော့မှ မြေစာပုံထိပ်ထိ ဒါကို ပေ (၁၀၀၀)မြင့်တယ် ဆိုပြီးတော့မှ လူတွေ သို့လော သို့လော ဖြစ်အောင် လူတွေ ဒါအတွေးလွဲမှားသွားအောင် ရေးကြ သားကြတာကို အမှန်အတိုင်း ကျွန်တော် တင်ပြတာ ဖြစ်ပါတယ်။ ဒါကတော့ သေဆုံးသွားတဲ့ ကျွန်တော်တို့ ရေမဆေးကျောက်အဖွဲ့တွေအတွက်ကို ဘာသာရေးအရ ဆောင်ရွက်ပေးတဲ့ ကုသိုလ်ရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။

ဒါကျွန်တော်တို့ မြေစာပစ်လမ်းကြောင်းတွေ သတ်မှတ်ပေးတာပါ။ မြေစာပစ်လမ်းကြောင်း တွေက ကုမ္ပဏီအသီးသီးကနေပြီးတော့မှ ဒါ ၂၀၀၅ ခုနှစ်မတိုင်ခင်တုန်းကတော့ ဒါသူတို့ နီးစပ်ရာ နေရာတွေမှာပုံချပေမယ့်လို့ အဲဒီနောက်ပိုင်းမှာ ဥရုချောင်းရေ၊ ရေစီးရေလာမကောင်းတာတွေ၊ ကျန်တဲ့ ချောင်းလက်တက်တွေ ရေစီးရေလာပိတ်ဆို့တာကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနကနေ သတ်မှတ် ပေးတဲ့အတိုင်း မြေစာပုံရပါတယ်။ ကုမ္ပဏီတွေကနေပြီးတော့မှ မြေစာပုံလမ်းကြောင်းကို အနည်းဆုံး (၁၀)မိုင် ပတ်ဝန်းကျင်မှာရှိပါတယ်။ ဒီ (၁၀)မိုင် ပတ်ဝန်းကျင်ကို သူတို့ ခေါက်တုံ့ခေါက်ပြန် သွားရောက် ပြီးတော့မှ ဒီမြေစာပုံပုံထားတဲ့ သတ်မှတ်တဲ့နေရာအတိုင်းပဲ ကျွန်တော်တို့ ပုံရတာဖြစ်ပါတယ်။ ဒီအစိမ်းရောင်က ကျွန်တော်တို့သတ်မှတ်ပေးထားတဲ့ မြေစာပုံ ဖြစ်ပါတယ်။ ကျန်တဲ့ဟာတွေတော့ သူတို့ မြေစာပုံနေရာကို လာရတဲ့လမ်းကြောင်းတွေဖြစ်ပါတယ်။ ဒါကတော့မြေစာပုံကို အပေါ်ကနေပြီးတော့ မြင်ရတဲ့မြင်ကွင်းပါ။ ဒါလမ်းကြောင်း ဖြစ်ပါတယ်။ ဒါသတ်မှတ်ပေးတဲ့မြေစာပုံ နေရာပါ။ စောစောကတော့ ညာဘက်မြောက်ဘက် အပေါ်ဘက်ကနေပြီးတော့ ဒါကတော့ အောက်ဘက်မြေစာပုံ ဖြစ်ပါတယ်။ ဒါရေမဆေးကျောက်အဖွဲ့တွေ လာရောက်ရှာဖွေနေတာကို မြင်ရမှာ ဖြစ်ပါတယ်။ ဒါပျံကျတဲတွေ ဆောက်လုပ်ထားတဲ့နေရာနဲ့ မြေစာပုံကိုမြင်ရမှာ ဖြစ်ပါတယ်။ ဒါ ခုနတုန်းကရေမဆေး ကျောက်တွေဟာ မြေစာပစ် လမ်းကြောင်းတွေနဲ့ မြေစာပုံမယ့်နေရာဖြစ်ပါတယ်။

ဒါကျွန်တော်တို့ စစ်ဆေးရေးအဖွဲ့တွေ သွားရောက်စစ်ဆေး ကြည့်ရှုနေတဲ့ပုံဖြစ်ပါတယ်။ ဒါမြေစာပုံရှိတဲ့နေရာကို ကုမ္ပဏီတွေက လာရောက်ပြီးတော့မှ မြေစာများ လာရောက်စုပုံတဲ့အချိန်မှာ ကျောက်စိမ်းရိုင်းရှာဖွေတဲ့လူတွေက ဒါ သူတို့ရဲ့ ယန္တရားတွေနဲ့ တွန်းဖြိုပြီးတော့မှ မြေစာပုံထဲကနေ

ပြီးတော့မှ ကျောက်တွေကို အလုအယက်ရှာဖွေနေကြ တာဖြစ်ပါတယ်။ ယန္တရားက သူတို့ဒီမြေစာပုံရှာဖွေတဲ့ ရေမဆေးကျောက်တွေနဲ့ သူတို့ဆောင်ရွက်နေတဲ့ ယန္တရားတွေဖြစ်ပါတယ်။ ဒါကြည့်ရှုတဲ့ပုံဖြစ်ပါတယ်၊ စစ်ဆေးတဲ့ပုံပါ။ ဒါကတော့ ကျွန်တော်တို့ ရေမဆေးအဖွဲ့တွေ တက်ရောက်ပြီးတော့မှ အလုအယက် ရှာဖွေတဲ့ပုံ အောက်မှာ သူတို့ ပျံကျတဲတွေ ဆောက်လုပ်ထားတဲ့ ပုံဖြစ်ပါတယ်။ ဒီလိုမြေစာပုံတွေကနေပြီး တော့မှ ရုတ်တရက် မြေစာပုံပြိုကျလာလို့ရှိရင် ဒီလိုပျံကျတဲတွေကော မြေစာပုံထဲမှာ လာရောက်ရှာဖွေတဲ့ သူရော ဘယ်သူမှလွတ်နိုင်ဖွယ် အခြေအနေမရှိပါဘူး။ ဒါကျွန်တော်တို့အနေနဲ့ ၄၅ ဒီကရီ လျှောစောက် တွေ ဘယ်လိုပဲထားထား သူတို့ကို လှေကားထစ်ပုံစံ ဘယ်လိုပဲဖြန့်ဖြန့် မြေစာပုံပြီးတာနဲ့ လာရောက် ပြီးတော့ အလုအယက် ပေါက်ပြားတွေနဲ့ လာရောက်ပြီးတော့ အလုအယက်လူအင်အားသုံးပြီးတော့ ဒီလိုရှာဖွေတဲ့အတွက်ကြောင့်မို့ စနစ်တကျ စုပုံနိုင်မှုအခြေအနေဆိုတာ အခွင့်အရေးလည်း မပေးနိုင် တော့ပါဘူး။ အခွင့်အခါလည်းမပေးနိုင်တော့ပါဘူး။ ဒါမြေစာပုံစွန့်ပစ်နေတဲ့ပုံဖြစ်ပါတယ်။

ဒါကျွန်တော်တို့ လှေကားထစ်ပုံစံ ဆောက်လုပ်ထားပြီးတော့မှ အဲဒီအပေါ်မှာ တက်ပြီးတော့မှ ပျံကျတဲတွေ ထပ်ပြီးတော့ ဆောက်ထားတာ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကတော့ မြေစာပုံစွန့်ပစ်တဲ့ နေရာပါ။ ပစ်လမ်းကြောင်း(၁၁)နေရာမှာ မြေစာပုံစွန့်ပစ်ရမယ့်နေရာ (၁၁)နေရာအဖြစ်သတ်မှတ်ထား ပါတယ်။ ဒါနောက် တစ်နေရာဖြစ်ပါတယ်။ ဒါကျွန်တော်တို့ သွားရောက်စွန့်ပစ်တဲ့အခါမှာ ခုနကျွန်တော် တင်ပြတဲ့အထဲမှာပါ ပါတယ်။ ချောင်းတွေကို ဖြတ်ပြီးတော့မှစွန့်ပစ်ရမှာ။ ချောင်းတွေကို ဖြတ်ပြီးတော့မှ စွန့်ပစ်ရတဲ့အခါမှာ ဒီလိုစွန့်ပစ်နိုင်ဖို့အတွက်ကို ကားတွေ သွားနိုင်ဖို့အတွက်ကို ချောင်းတွေကို အချို့ ချောင်းငယ်လေးတွေကို ပိတ်တာတွေရှိပါတယ်။ ဒါတွေကို မိုးရေကျလာတဲ့အခါမှာ ချောင်းငယ်တွေ ရေစီးရေလာ ကောင်းဖို့အတွက်ကို ဒီချောင်းတွေကို ပြန်ဖွင့်ပေးဖို့ ကုမ္ပဏီတွေက တာဝန်ယူကြရမှာ ဖြစ်ပါတယ်။ ဒီလိုမြေစာပုံတွေကို သွားရောက်စွန့်ပစ်ကြတဲ့အခါမှာ တင်ပြပါအတိုင်းပဲ မြေစာပုံတွေ သယ်တဲ့ကားကြီးတွေက တန် (၂၀) ကနေ တန် (၄၀)ထိအောင် သယ်တဲ့ကားကြီးတွေ ဖြစ်ပါတယ်။ ဒီလို ကားကြီးတွေကို ဒီနေ့ Facebook စာမျက်နှာမှာ ဂျာနယ်တွေရဲ့ စာမျက်နှာမှာ ဒီကားကြီးတွေနဲ့ တစ်ဖက် နိုင်ငံကို ခိုးထုတ်နေကြပြီ။ တစ်ဖက်နိုင်ငံကို သယ်နေကြပြီ။ ဒီကားကြီးတွေနဲ့ ဒီကျန်တဲ့ကာလလေးမတိုင် ခင်မှာ ဒီလူတွေကတော့လုပ်နေကြပြီဆိုပြီး ဒါ တော်တော်လေးကို ပြောဆိုနေကြတာရှိပါတယ်။ တကယ် တော့ ဒီလိုပြောဆိုမှုမှာ မှားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကားတွေဟာ ကျွန်တော်တို့ ဖားကန့်ရတနာ နယ်မြေ ကနေပြီးတော့မှ ကျောက်စိမ်းတွေ သယ်တဲ့ ကားမဟုတ်ပါဘူး။ ကျောက်စိမ်းတွေကို ကုမ္ပဏီတွေ ကရှာဖွေတယ်။ ကုမ္ပဏီတွေက ရှာဖွေတဲ့ အခါမှာ မြေစာပုံတွေထွက်လာမယ်။ ကျောက်စိမ်းမပါတဲ့မြေစာ တွေကို ကားတွေနဲ့ ပြန်ထုတ်ရတယ်။ ကားတွေနဲ့ ပြန်ထုတ်တဲ့အခါမှာ ပုံရတဲ့နေရာက သက်ဆိုင်ရာ ကျောက်တူးတဲ့နေရာကနေပြီးတော့မှ (၁၀)မိုင်ကနေ (၁၅)မိုင်အထိ ဝေးပါတယ်။

အဲဒီတော့ မြေစာပုံမှာ မြေစာပုံတွေဟာ သတ်မှတ်တဲ့မြေစာပုံရောက်ဖို့ အတွက်ဆိုလို့ရှိရင် အလျင်မီစွာနဲ့ ဒီလိုမြန်မြန်ဆန်ဆန်နဲ့ ဒီလိုကားကြီးတွေနဲ့ မသယ်ပို့ဘူးဆိုရင် သူတို့ရဲ့ ကျောက်စိမ်း တွင်းတွေက မြေတွေဟာ ထပ်ထပ်ထပ်ထပ်ပြီးတော့ ပုံလာမှာ ဖြစ်တဲ့အတွက်ကြောင့်မို့ ဒါမြေစာတွေ သယ်တဲ့အခါမှာ ဒီလိုကားတွေနဲ့ ဒီလိုအင်အားသုံးပြီးတော့မှ ဒီလိုသယ်ပြီးတော့ ပစ်ရတာဖြစ်တဲ့အတွက် ကြောင့် မြေစာတွေ ဒီကျောက်စိမ်း မပါတဲ့ မြေစာတွေ သယ်တဲ့ကားတွေကိုပဲ ကျောက်စိမ်းတွေအများ ကြီးကားတွေနဲ့ ဒီလိုအပြည့်သယ်ပြီးတော့မှ တစ်ဖက်နိုင်ငံကို ခိုးထုတ်နေပြီဆိုပြီး တော့မှ ကျွန်တော်တို့ အစိုးရအဖွဲ့ကို သော်လည်းကောင်း၊ ပြည်သူတွေကိုသော်လည်းကောင်း ထင်ယောင်ထင်မှားဖြစ်အောင်

ဒါသူတို့ရေးသားပြောဆိုဖော်ပြနေတာဖြစ်တဲ့အတွက်ကြောင့် ဒါကို ကျွန်တော် အားလုံးမြင်သာအောင် ရှင်းလင်းတင်ပြခြင်းသာ ဖြစ်ပါတယ်။ ဒီလိုမြင်ရတဲ့ကားတွေဟာ တကယ်တမ်းကျတော့ ကျောက်စိမ်းသယ်တဲ့ကားမဟုတ်ပါဘူး။ မြေစာပုံရှိရာကို မြေတွေသွားပြီးတော့ ပစ်တဲ့ကားတွေသာဖြစ်ပါတယ်။ ဒီလိုကားတွေနဲ့ အင်အားကြီးသုံးရတာလည်း မြေစာပုံနေရာ ဝေးလံနေတာက တစ်ကြောင်း၊ မြေစာတွေ ပစ်တဲ့အခါမှာလည်း အလျင်မြန်မြန်နဲ့ အချိန်မီ ပြီးစီးနိုင်ဖို့ကတစ်ကြောင်း ဒီလိုသုံးစွဲကြတာဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ပစ်မယ့်နေရာတွေဖော်ပြတာဖြစ်ပါတယ်။

ဒါ ကျွန်တော်တို့ ပစ်တဲ့လမ်းကြောင်းပါ။ ခုနတင်ပြတာဒီဟာပါ။ လျှိုကနေပြီးတော့ မှအပေါ် မော့ကြည့်ရင် ပေ (၁၀၀၀)လောက်ရှိ ကောင်းရှိနိုင်ပါတယ်။ သို့သော် ဒါမြေစာပုံရဲ့ ပမာဏက ဒီလောက် မြင့်မားတဲ့ပုံစံလည်းမဟုတ်ပါဘူး။ ဒါ ကျွန်တော်တို့ မြေစာပုံမှာ လာရောက်ပြီးတော့ စည်းမဲ့ကမ်းမဲ့ ရှာဖွေကြတဲ့အတွက်ကြောင့် ဒါမြေရဲ့ သဘောသဘာဝကြောင့် ပြိုရတာဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ အနီးကပ်ကို ရှာဖွေတာဖြစ်ပါတယ်။ ဟိုက သွန်ချတာကို မစောင့်နိုင်တော့ဘူး။ အောက်မှာစောင့် နေကြတဲ့ပုံ၊ ဒါကျွန်တော်တို့ ဥရုချောင်းနဲ့ ဘွေခါချောင်းဆုံတဲ့နေရာဖြစ်ပါတယ်။ ချောင်းရေစီးက လုံးလုံးကြီးပိတ်သွားတာတော့မဟုတ်ပါဘူး။ ရေစီးရေလာကောင်းအောင် ကျွန်တော်တို့ ကြိုးစားပြီးတော့မှ ကြီးကြပ်ရေးအဖွဲ့များ ဆောင်ရွက်နေဆဲ ရှိပါတယ်။ ဒါရေစီးရေလာကောင်းစွာ ရှိနေတဲ့ပုံကို ဖော်ပြတာ ဖြစ်ပါတယ်။ စစ်ဆေးတဲ့အဖွဲ့ပါ။ ဒါ ကျွန်တော်တို့ မြေစာပုံသွားတဲ့နေရာကို ပစ်ဖို့အတွက်ကို လမ်းကြောင်းတွေ၊ ကုမ္ပဏီတွေ စီစဥ်တဲ့အတွက် လမ်းတွေဖောက်ပြီးတော့မှ ဒီလိုသွား ပြီးတော့မှ ပစ်ကျရတာ ဖြစ်ပါတယ်။ အဲလမ်းရဲ့အပေါ်မှာ ကျွန်တော်တို့ လှေကားထစ်ပုံသဏ္ဍာန် ကျွန်တော်တို့ မြေနိမ့်တာ ထားပါတယ်။ ဒါတွေက ပျိုးပင်တွေ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြတဲ့အထဲမှာလည်းပါ ပါတယ်။ ဒါစိုက်ပျိုးထားတဲ့ ပျိုးပင်တွေပါ။ စစ်ဆေးရေးအဖွဲ့ ဖြစ်ပါတယ်။ ကျွန်းပင်တွေ စိုက်ထားတာပါ။ ဒါ ကျွန်တော်တို့ လမ်းကြောနဲ့ ပတ်သက်ပြီးတော့လည်း တင်ပြချင်ပါတယ်။ ဒီမှာပုံမှာ ကြည့်မယ်ဆိုလို့ရှိရင် ဒါ ဖားကန့်ကနေပြီးတော့မှ သွားတဲ့လမ်းကြောင်းဟာ ကျွန်တော်တို့ ကျောက်စိမ်း များသယ်တဲ့ လမ်းကြောင်း ဒါ ပြည်မဘက်ကိုသွားတဲ့ လမ်းကြောင်းတစ်ကြောင်းနဲ့ မြစ်ကြီးနားဘက်ကို သွားတဲ့ လမ်းကြောင်း တစ်ကြောင်း၊ ဒီနှစ်ကြောင်းသာ ဖြစ်ပါတယ်။ မြစ်ကြီးနားဘက်ကို သွားတဲ့လမ်းကြောင်းဟာ ကျွန်တော်တို့ ထောက်ခံချက်ကို မြစ်ကြီးနားအထိပဲပေးပါတယ်။ ပြည်တွင်းဘက်ကိုသွားတဲ့ လမ်းကြောင်းကတော့ ကျွန်တော်တို့ နေပြည်တော်အထိအောင် ကျွန်တော်တို့ လမ်းကြောင်းအနေနဲ့ သက်ဆိုင်ရာ ဖားကန့်မြို့မှာရှိတဲ့ ညွှန်ကြားရေးမှူးရုံးကနေပြီးတော့မှ ထောက်ခံချက်ပေးလိုက်တဲ့ ဒီ ကျောက်စိမ်းသယ်ဆောင်တဲ့ ယာဥ်တွေဟာ ပြည်တွင်းကိုသွားရင် နေပြည်တော်၊ နောက် ကျွန်တော်တို့ ဒီဘက်မြစ်ကြီးနားကို သွားမယ်ဆိုရင် ကျွန်တော်တို့ One Stop Service လည်းရှိပါတယ်။ ဒါကြောင့်မို့လို့ မြစ်ကြီးနားမှာ သွားမယ်ဆိုရင် မြစ်ကြီးနားအထိပဲ ကျွန်တော် တို့ ပေးပါတယ်။ အဲဒီတော့ ကျွန်တော် ဒီ တင်ပြချင်တာက လုံးခင်း-ဖားကန့်ကနေပြီးတော့မှ သွားတဲ့လမ်းကြောင်းဟာ ကျွန်တော်တို့ လမ်းကြောင်း နှစ်ကြောင်းပဲ ရှိပါတယ်။ ဒီ နေရာကနေပြီးတော့မှ တခြား မိုးပေါ်ပျံပြီးသွားလို့လည်း မရပါဘူး။ တောင်ပံတပ်ပြီးတော့လည်း သွားလို့မရပါဘူး။ ဒီကျောက်တုံးတွေဟာ နေပြည်တော်မှာရှိတဲ့ ကျောက်စိမ်း သိုလှောင်ရုံထဲကို ရောက်ချင်ရောက်၊ မရောက်ရင် သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့အစည်းများကို ရောက်သွားနိုင်တဲ့ လမ်းပဲရှိပါတယ်။

ဒီ နေရာကနေပြီးတော့မှ ခိုးထွက်တယ်ဆိုတာကတော့ ခုနတုန်းက ကျွန်တော်တင်ပြခဲ့တဲ့ ရေမဆေးကျောက်အဖွဲ့တွေ အနေနဲ့ ဒါ သက်ဆိုင်ရာ ကုမ္ပဏီကို တင်ပြခြင်းမရှိဘူး။ မိမိရရှိတဲ့ကျောက်ကို လျှို့ဝှက်ပြီးတော့မှ ဒီဆန့်ကျင်ဘက် အဖွဲ့အစည်းတွေကသော်လည်းကောင်း၊ ဒီမသင့်မလျော် တရားမဝင် ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေကသော်လည်းကောင်း၊ ဒီလိုခိုးထုတ်မယ်ဆိုလို့ ရှိရင်တော့ ခိုးထုတ်နိုင်ကောင်း ခိုးထုတ်နိုင်ပါတယ်။ တရားဝင်လမ်းကြောင်းတွေက သွားဖို့ဆိုတာ ဒီလို ကားကြီးတွေနဲ့ သယ်ထုတ်ဖို့ဆိုတာ၊ ဒီလိုလူတစ်ရပ်လောက် ဘီးအမြင့်ရှိတဲ့ကားကြီးတွေကို သယ်သွားဖို့ဆို ဘယ်လိုနည်းနဲ့မှ ဘယ်လိုအကြောင်းနဲ့မှ ဖြစ်နိုင်စရာ အကြောင်းမရှိပါဘူး။ ဒီကားတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ်က သတင်းစာမှာ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးမှ ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီ မော်တော်ကားများ သုံးစွဲမှုနဲ့ ပတ်သက်ပြီးတော့၊ အဲဒီမော်တော်ကားများ တင်သွင်းမှုနဲ့ ပတ်သက်ပြီးတော့၊ အဲဒီ မော်တော်ကားများ လုပ်ငန်းခွင်မှာ ဝင်ရောက်မှုနဲ့ ပတ်သက်ပြီးတော့ ဒါတွေကို လည်း အသေးစိတ် ဆက်လက်ပြီးတော့ စစ်ဆေးမှုတွေကို ဒုတိယဝန်ကြီးဦးစီးပြီးတော့မှ လုပ်နေတယ်ဆို တဲ့အကြောင်းလည်း ကျွန်တော်တင်ပြလိုပါတယ်။ ဒါ ကျွန်တော်တို့ ရေမဆေးကျောက်အဖွဲ့တွေ ရှာဖွေနေ တဲ့ ဗွီဒီယိုဖိုင်လေးဖွင့်ပေးပါ။ ဒါကြည့်ရင် သိသာပါတယ်။ အလုအယက် အပြေးအလွှား တစ်ယောက် နှစ်ယောက်မကပါဘူး။ တကယ့်ကို ကမ္ဘာပျက်သလိုပဲ ပြေးကြတာပါ။ ဒီလိုပြေးပြီးတော့မှ ခုနတုန်းက ကျွန်တော်ပြခဲ့တဲ့ tipper တွေ သွန်ချတဲ့နေရာကို အလုအယက် သူ့ထက် ငါ သွားကြတာပါ။ သေမှာ လည်းမကြောက်၊ နာရမှာလည်း မကြောက် မြေပိမှာလည်း မကြောက်၊ ဒါဟာဒီလို တစ်နေရာတွင် မဟုတ်ပါဘူး။ မြေပုံရှိတဲ့ နေရာတိုင်းမှာ ဒီလိုမျိုးသူတို့ သွားကြပြီးတော့မှ အလုအယက် ရှာဖွေကြတာပါ။ ကျွန်တော် ခုနကတင်ပြသလိုပဲ၊ မြေပုံပြိုပြီးတော့မှ သေတဲ့သူကို ကြည့်လို့ရှိရင် ဆုံးတဲ့သူကို ကြည့်လို့ရှိရင် ဒေသခံ ကချင်တိုင်းရင်းသားက နှစ်ယောက်၊ သုံးယောက်လောက်ပဲ ပါ ပါတယ်။ ကျန်တာ တွေက ခုနတုန်းကလို နေရာဒေသအသီးသီးကနေပြီးတော့မှ ပျံကျတွေလာရောက်ပြီးတော့မှ သူတို့ လုပ်ကိုင်ကြ ပြီးတော့မှ အများစုဟာ အဲဒီလိုမျိုး မှတ်ပုံတင်မရှိတဲ့သူတွေ၊ တရားမဝင်နေထိုင်တဲ့သူတွေ၊ ပြေး(၄)ပြေးမှာ ပါဝင်တဲ့ သူတွေ၊ အခြေအနေမဲ့တွေ အများစုဖြစ်ပါတယ်။ ဒါတွေကြောင့်မို့လို့ ကျွန်တော်တို့ ဘယ်လိုပဲ စနစ်တကျမြေပုံ ပုံ သူတို့ပြန်လည်ဖျက်ဆီးတဲ့ အတွက်ကြောင့်မို့လို့ မြေပုံတွေဟာ ပြန်လည်ပြိုကျမှာပါဘဲ။ ဒီလို အန္တရာယ်ရှိတဲ့နေရာမှာမနေဖို့ ဘယ်လိုပဲ ကျွန်တော်တို့ တားမြစ် တားမြစ်၊ တားမြစ်တာကို မျက်ကွယ် ပြုပြီးတော့မှ သေခါမှသေ သူတို့ဆက်လက်ပြီးတော့မှ အဲဒီမြေပုံခြေရင်းမှာ နေထိုင်တဲ့အတွက်ကြောင့် မို့လို့ ဒီလိုမြေပြိုမှုတွေ၊ မြေပိမှုတွေဖြစ်တာပါ။ နေထိုင်တဲ့သူတွေကို အခြေခံပြီးတော့မှလည်း ဈေးရောင်း ဈေးဝယ်တွေကလည်း ဒီလို ဈေးကွက်တွေ ရှာပြီး နေတဲ့အတွက်ကြောင့်မို့လို့ ဒါ မသင့်မလျော် သေဆုံးကြတာ ဖြစ်ပါတယ်။ ဒါ ဗွီဒီယိုဖိုင်မှာ ကြည့်ရင်သိသာပါတယ်။ ဆက်လက်ပြီးတော့ပြပေးပါ။ နောက်ဖိုင်တစ်ခုပေးပါ။ ဗီဒီယိုဖိုင် နှစ်ခု ပါပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဖျက်ဆီးခံရမှုနဲ့ ပတ်သက်ပြီးတော့လည်း အနည်းငယ် Power Point နဲ့ တင်ပြပါရစေ။ ဒုတိယပိုင်းကို ဆက်ပြီးတော့မှ တင်ပြပါရစေ။ ဒုတိယပိုင်း ဆက်ပြီးပြပေးပါ။ ကျွန်တော်တို့ ဒီယာဉ်တွေနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ သုံးစွဲခဲ့တဲ့ယာဉ်တွေနဲ့ ပတ်သက်ပြီးတော့ ပထမပိုင်း ၂၀၀၅ ခုနှစ်ကနေ စပြီးတော့မှ ယာဉ်တွေနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ လစဥ်လစဥ် သုံးစွဲခဲ့တဲ့ယာဉ်တွေ ကျွန်တော်တို့

မှတ်တမ်းတင်ခဲ့ပါတယ်။ ဒီလိုမှတ်တမ်း တင်တဲ့ အခါမှာ သယ်ယူပို့ဆောင်တဲ့ ယာဉ်တွေ၊ မြေသယ်တဲ့ ယာဉ်တွေ ပါပါတယ်။ အလားတူပဲ မြေသယ်တဲ့ဟာမဟုတ်ဘဲနဲ့ ကျွန်တော်တို့ Back-hoe ယာဉ်တွေနဲ့ ဒီ အထဲမှာ သုံးစွဲခဲ့တာတွေရှိပါတယ်။ Back-hoe ယာဉ်က မြေကိုတူးပြီးတော့မှ မြေသယ်တဲ့ယာဉ် tipper တွေကို ကျွန်တော်တို့ သုံးစွဲကြတာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ တင်ပြရလို့ရှိရင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှာ ကုမ္ပဏီက (၁၅၃)ခုရှိပါတယ်။ နောက် မြေကော်စက်က (၁၂၃၀)ရှိပါတယ်။ မြေသယ်ယာဉ်က (၁၅၆၈)ရှိပါတယ်။ ၂၀၁၅၊ ဒီဇင်ဘာလ စာရင်းများအရ ကုမ္ပဏီက (၁၅၃)ခုကနေပြီး တော့မှ (၆၁၀)ခုအထိ ရှိလာပါတယ်။ မြေကော်စက်က (၁၈၈၀)နဲ့ မြေသယ်ယာဉ်က (၃၄၅၆)ခုရှိလာ ပါတယ်။ အဲဒါကျွန်တော်တို့ Power Point မှာ တင်ပြထားတဲ့ အတိုင်းပဲ မြေသယ်ယာဉ်စုစုပေါင်းဟာ ကျွန်တော်တို့ ဒီနေ့အထိအောင် (၁၀၇၁)စီး ဖြစ်ပါတယ်။ မြေကော်စက် စုစုပေါင်းဟာ (၂၄၂)စီး ဖြစ်ပါတယ်။ ဒါ လအလိုက်၊ လအလိုက် တိုးတက်လာတဲ့ အခြေအနေပါ။ ကျွန်တော်တို့ စပြီးတော့မှ ခွင့်ပြုပေးတာ ၂၀၁၄၊ စက်တင်ဘာလ (၁) ရက်နေ့ပါ။ ကုမ္ပဏီကလည်း ကျွန်တော်တို့ (၄)ဆလောက် တိုးတက်လာသလို မြေကော်စက်တွေ အရေအတွက်ကလည်း မြောက်မြားစွာ တိုးတက်ပါတယ်။ မြေသယ်ယာဉ်တွေကတော့ ဒါသိသိသာသာ တိုးတက်လာတာ။ မြေသယ်ယာဉ်ဟာ ဒီဇင်ဘာလမှာ (၃၄၅၆)စီးအထိအောင် ဖြစ်ပါတယ်။

ဒါလေးကျွန်တော်ရှင်းပြချင်ပါတယ်။ Graph နဲ့ ကျွန်တော် ရေးထားပါတယ်။ သေချာလေး ပြင်ဆင်လာပါတယ်။ အဲဒီတော့ မြေကော်စက်နဲ့ ပတ်သက်ပြီးတော့ အရောင်က အနီရောင်ပါ။ မြေသယ် စက်နဲ့ ပတ်သက်တာက အစိမ်းရောင်ပါ။ အဲဒီမှာ ၂၀၁၄၊ စက်တင်ဘာလမှာ ကြည့်လိုက်မယ် ဆိုရင် ဒီ မြေကော်စက်နဲ့ မြေသယ်ယာဉ်ဟာ အရေအတွက် အတူတူလောက်ပါပဲ။ အဲဒီကနေပြီးတော့မှ များများ များများ များများလာလိုက်တာ ၂၀၁၅ နိုဝင်ဘာလမှာ မြေသယ်စက်က မြေကော်စက်ရဲ့ (၂)ဆလောက်ကို များလာပါတယ်။ ကျွန်တော်တို့ ဒီနေ့ မီဒီယာတွေက ပြောလည်း ပြောချင်စရာပါပဲ။ သို့သော်လည်းပဲ ဒီ မီဒီယာတွေ ပြောသလို ကျွန်တော်တို့ ကျောက်စိမ်းတွေ ခိုးထုတ်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီ မြေသယ်စက်သုံးရတဲ့ အကြောင်းအရင်းက လူတွေ အန္တရာယ်မဖြစ်အောင်၊ လူတွေ သေဆုံးမှု မဖြစ်အောင်၊ မြေပြိုကျတာတွေ မဖြစ်အောင်၊ မြေသယ်တဲ့နေရာတွေကို ကျွန်တော်တို့က သတ်မှတ်ပေး လိုက်ပါတယ်။ ဒီလိုသတ်မှတ်ပေးလိုက်တဲ့အတွက်ကြောင့် ကုမ္ပဏီတွေအနေနဲ့က လက်သင့်ရာမှာ သွားပြီးတော့ မြေတွေသွန်ချရမယ့်အစား မြေပုံပုံတဲ့ သတ်မှတ်တဲ့ နေရာအထိအောင် (၁၀)မိုင်ကျော် ကျော်ထိအောင် သွားပြီးတော့ ပုံရတဲ့ အတွက်ကြောင့်မို့လို့ အချိန်ကိုသူတို့ငွေနဲ့လဲလိုက်တာ ဖြစ်ပါတယ်။ အချိန်ကို သူတို့ ဒီယန္တရားတွေနဲ့ လဲလိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့် မြေသယ်ယာဉ်တွေ များပြားလာ ပြီးတော့မှ ၂၀၁၁ မှာ မြေသယ်ယာဉ်ဟာ (၃၀၀၀)ကျော်အထိအောင် ဖြစ်သွားတာ ဒီ Graph ကို ကြည့်ရင် ဒါအားလုံးသိသာမှာ ဖြစ်ပါတယ်။ ကုမ္ပဏီ အရေအတွက်ကတော့ ၂၀၁၄ စက်တင်ဘာနဲ့ ၂၀၁၅ ဒီဇင်ဘာနဲ့ဆိုရင် တင်ပြတဲ့အတိုင်းပဲ ဒါ (၆၀၀)လောက်ဖြစ်သွားတဲ့ အတွက်ကြောင့်မို့လို့ ဒါ(၄)ဆလောက် တိုးလာပါတယ်။

ဒါကျွန်တော်တို့ သောင်းကျန်းသူအဖွဲ့တွေ ဖျက်ဆီးမှုကို ကျွန်တော်တင်ပြတာဖြစ်ပါတယ်။ သောင်းကျန်းသူ အဖွဲ့တွေက ဖျက်ဆီးမှုအကြိမ် (၄)ကြိမ်ရှိပါတယ်။ စက်ယန္တရား (၅၅)စီးဖျက်ဆီးပါတယ်။ ယာဉ်(၄၀)စီး ဖျက်ဆီးပါတယ်။ အဆောက်အဦ အလုံး(၃၀)ဖျက်ဆီးပါတယ်။ ဖျက်ဆီးမှု ကျောက်စိမ်း အရိုင်းက တန်(၂၀၀)လောက် ပျောက်ဆုံးသွားပါတယ်။ တန်ဖိုးကျပ် ဒါသိန်းပေါင်းပေါ့ (၁၂၃၃၆၀)၊

သန်းပေါင်းဆိုရင်တော့ (၁၂၃၃၆)သန်း၊ ဒါ သောင်းကျန်းသူရဲ့ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့တာပါ။ အဲဒီလိုပဲ ရေမဆေးအဖွဲ့တွေ ဖျက်ဆီးတာ ရှိပါတယ်။ ဒီလိုပါပဲ ဖျက်ဆီးမှု (၆)ကြိမ်ဖြစ်ပါတယ်။ အဆောက်အအုံ (၃၃)လုံး ရေမဆေးအဖွဲ့တွေ ဖျက်ပါတယ်။ ဆီကန်(၅)လုံး ဖျက်ပါတယ်။ ဒါ တူးဖော်မှု ၂၀၁၄ စက်တင်ဘာလ (၁) ရက်နေ့ကနေပြီးတော့ ၂၀၁၅ ဒီဇင်ဘာလ (၁၇) ရက်နေ့အထိအောင် သောင်းကျန်းသူက (၁၃)ကြိမ် ဖျက်ပါတယ်။ စက်ယန္တရား (၃၅)စီး ဖျက်ပါတယ်။ ယာဉ်က (၁၂)စီး ဖျက်ပါတယ်။ အဆောက်အဦ အလုံးပေါင်း(၁၈)လုံး ဖျက်ပါတယ်။ အဲဒီမှာ ကျောက်စိမ်းရိုင်းတန် (၁)တန် ကျောက်လို့ ပြောပါတယ်။ တန်းဖိုးကျပ်သိန်းပေါင်း (၁၁၁၁၂) ဖြစ်ပါတယ်။ စုစုပေါင်း ပျက်စီးမှု တန်ဖိုးကြည့်ရင် (၁၃၉၉၀၂)သိန်း၊ သန်းနဲ့ဆိုလို့ရှိရင်တော့ သန်းပေါင်း(၁၃၉၉၀)သန်း ဖြစ်ပါတယ်။

ဒါသူတို့ ဖျက်ဆီးသွားခဲ့တဲ့ မှတ်တမ်းဓာတ်ပုံတွေပါ။ ဌေးမြန်မာ ကျောက်မျက်ကုမ္ပဏီ အဖျက်ခံ ရတာပါ။ ဒါ ဖျက်ဆီးသွားတဲ့ Back-hoe တွေကို ဌေးမြန်မာ၊ ဒါကျွန်တော်တို့ သောင်းကျန်းသူက ဖျက်ဆီးခဲ့တဲ့ပုံတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါနဲ့ပတ်သက်ပြီးတော့ သောင်းကျန်းသူအဖွဲ့က ကုမ္ပဏီတွေကို ခြိမ်းခြောက်ခဲ့တဲ့ ဒါဖြစ်စဉ်လေးတစ်ခု နည်းနည်းရှင်းပြပါမယ်။ ဒါကျွန်တော်တို့ သက်ဆိုင်ရာ နယ်မြေကနေပြီးတော့မှတရားဝင်တင်ပြတဲ့ အကြောင်းအရာပါ။ သူကဘာလဲဆိုတော့ ၂၀၁၄၊ စက်တင်ဘာလ (၁၉) ရက်နေ့မှာ ရွှေတန်းအမှတ် တပ်မဌာနချုပ်က စစ်ဆင်ရေး အစည်းအဝေးမှာ ဗျူဟာမှူးက KIAတပ်ရင်း ၆ အဖွဲ့ဟာ အခြေပြုတဲ့ အောင်ဘာလေရှိတဲ့ KIA ခရိုင်မှူး တန်ပေါင်ထောင်ကျုံးက ကျောက်စိမ်း တူးဖော်သူ ကုမ္ပဏီများအား ၎င်းတို့ထံလာရောက် တွေ့ဆုံရန်မှာကြားခဲ့ရာ ဖားကန့်ဒေသရှိ ကုမ္ပဏီ (၂၀) ရာခိုင်နှုန်းခန့်သာ လာရောက်တွေ့ဆုံခဲ့သဖြင့် ပျက်ကွက်သည့် ကုမ္ပဏီများအား တပ်ရင်း ၆ သို့ လာရောက်စေခြင်း မပြုစေတော့ဘဲ လိုင်ဇာ ဗဟိုဌာနချုပ်သို့ သွားရောက်တွေ့ဆုံ၍ အခွန်ပေးသွင်းရန် ညွှန်ကြားခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။ အဲဒီအပြင် နေပြည်တော်ကျောက်မျက်ရတနာပြပွဲမှာ ယူရို(၁) သန်းအောက် ရောင်းချရတဲ့ ကုမ္ပဏီတွေကို တပ်ရင်း ၆ သို့ လာရောက်သတင်းပို့ပါ။ ယူရို (၁)သန်း အထက် ရောင်းချရတဲ့ ကုမ္ပဏီတွေကတော့ လိုင်ဇာဌာနချုပ်ကို သွားရောက်ပြီးတော့ အခွန်ပေးဆောင်ပါ ဆိုပြီးတော့မှ ညွှန်ကြားခဲ့တယ်လို့သိရပါတယ်။ ကုမ္ပဏီတွေကတော့ ကျွန်တော်တို့တွေထက် အသေးစိတ် ပိုပြီးတော့ သိမှာဖြစ်ပါတယ်။

၂၀၁၄၊ စက်တင်ဘာလ (၁) ရက်နေ့က စပြီးတော့မှ ရတနာနယ်မြေအတွင်းမှာ ကျောက်စိမ်း တူးဖော်မှု လုပ်ငန်းများ ပြန်လည်တူးဖော်လုပ်ကိုင်ခွင့် ပေးခဲ့ပါတယ်။ တူးဖော်လုပ်ငန်းများ ပြန်လည် လုပ်ကိုင်ခွင့်ပြုပြီးတဲ့နောက်မှာ ၂၀၁၅၊ ဇန်နဝါရီလ (၁၅) ရက်နေ့မှာ ကချင်ပြည်နယ်၊ လမ်းပန်းဆက် သွယ်ရေးဝန်ကြီး ဦးကမန်ဒူးနော် ဦးစီးတဲ့အဖွဲ့ ဖားကန့်-ဝှေခါ-မိုးညှင်းလမ်းကြောင်းမှာ လိုက်ပါလာတဲ့ တပ်ဖွဲ့ဝင်တွေကို KIA က ဖမ်းခေါ်သွားပါတယ်။ အဲဒီဖြစ်စဉ် ဖြစ်ပွားပြီးတဲ့နောက်မှာ KIA များဟာ ကျောက်စိမ်းတူးဖော်တဲ့ ကုမ္ပဏီ၊ အသင်းတွေကို ဆက်ကြေးကောက်ခံခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ ဆက်ကြေးပေးဆောင်ခြင်း မရှိတဲ့ ကုမ္ပဏီတွေကို မိုင်းခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း အလုပ်တွေကို လုပ်ဆောင်ခဲ့တဲ့အကြောင်း သက်ဆိုင်ရာ ဖားကန့်ဒေသခံ တာဝန်ခံကနေပြီးတော့မှ ဝန်ကြီးဌာနကို တင်ပြ ခဲ့တာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ယခု တင်ပြပါအချက်အလက်များအပေါ်မှာ အကျဉ်းချုပ်ပြီးတော့ပဲ ကျွန်တော် တင်ပြရရင် ဒီလို ရေမဆေး

ကျောက်တွေ သေဆုံးရခြင်း အကြောင်းအရင်းဟာ အခြေခံအကြောင်းအရင်း (၂)ရပ်ဖြစ်ပါတယ်။ အခြေခံအကြောင်းအရင်း(၁)ရပ်ကတော့ ကျွန်တော်တို့တွေသည် တရားဥပဒေစိုးမိုးမှု တင်းပြည့်၊ ကျပ်ပြည့် ကျွန်တော်တို့ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့တာကြောင့် တစ်ကြောင်းဖြစ်ပါတယ်။ နောက်တစ်ကြောင်းကတော့ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ နေရာဒေသသည် ငြိမ်းချမ်းရေးလုံးဝမရှိတဲ့နေရာဒေသ၊ ငြိမ်းချမ်းမှုလုံးဝမရှိတဲ့ နေရာဒေသဖြစ်တာကြောင့် တစ်ကြောင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလို ရေမဆေးကျောက်တွေ ထပ်မံပြီးတော့ သေဆုံးမှုတွေ မဖြစ်အောင်၊ ဒီလို တရားမဲ့မှုတွေလည်း ထပ်မံပြီးတော့ မဖြစ်ပွားရအောင်၊ ဒီနေ့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရ အနေနဲ့သော်လည်းကောင်း၊ ဝန်ကြီးဌာန အနေနဲ့ သော်လည်းကောင်း၊ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ဆက်စပ်နေတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆက်စပ်နေတဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားကူးသန်းဝန်ကြီးဌာန၊ သက်ဆိုင်ရာ ကချင်ပြည်နယ်အစိုးရ အဖွဲ့များနဲ့ ကျွန်တော်တို့ ပူးပေါင်းပြီးတော့မှ အကောင်းဆုံးအဖြေတစ်ခု ကျွန်တော်တို့ အမြန်ဆုံးရှာဖွေနေပါပြီ။ ကျွန်တော်တို့ နေ့နေ့ညည ဒီ အဖြေတစ်ခု ထွက်လာပြီးတော့မှ အဲဒီ့အတိုင်းလုပ်ဆောင်သွားရင်ဖြင့် ဒီလိုတရားမဲ့အမှုတွေရော၊ မတော်တဆသေဆုံးခဲ့ကြရတဲ့ ရေမဆေးသမားတွေ ဒီလိုသေဆုံးမှုတွေရော ကျွန်တော်တို့ ကင်းဝေးသွားမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ငြိမ်းချမ်းရေးရမှသာ တရားဥပဒေစိုးမိုးရေး ရမယ်ဆိုရင်တော့ ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ ဘယ်ချိန်ဘယ်အခါမှ ရမယ်ဆိုတာ ကျွန်တော်တို့ အတတ်ပြောနိုင်တဲ့ အခြေအနေ မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ တရားဥပဒေစိုးမိုးမှု ရဖို့အတွက်ကို ကျွန်တော်တို့ ဆက်လက်ပြီးတော့မှ ကြိုးပမ်းဆောင်ရွက်သွားမယ်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ကချင်ပြည်နယ်၊ ဖားကန့်ဒေသမှာ မြေစာတောင်ပြိုပြီးတော့မှ လူရာချီသေဆုံးခဲ့တဲ့ သေဆုံးမှုမျိုးထပ်မံ မဖြစ်ပွားစေဖို့အတွက် ကြိုတင်ကာကွယ်စီမံ ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင်ခွင့်ပြုပါလို့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၃၃။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တခဏ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၄း၃၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၅၄ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၅၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၅၄။**

**ဥက္ကဋ္ဌ**။ ။ မူလအဆိုရှင် ဦးခက်ထိန်နန်က မှတ်တမ်းတင်ထားလိုခြင်း ရှိ/မရှိ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော့်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီးကနေပြီးတော့ စိတ်ရှည်လက်ရှည်နဲ့ ရှင်းလင်းဆွေးနွေး တင်ပြပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ အဲဒါအပြင် ကျွန်တော်တို့ ဓာတ်ပုံတွေနဲ့ရော ဗီဒီယိုဖိုင်နဲ့ရော ဟို တင်ပြပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေအားလုံး လည်းပြန်ပြီးတော့ ကြည့်ရှုရတဲ့အခါမှာ ဒီအခြေအနေ အောက်ခြေရဲ့ အခြေအနေလေတွေကိုလည်း ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေအားလုံးလည်း တွေ့ရှိရတဲ့အတွက်လည်း ကျေးဇူးလည်းတင်ပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ ကြိုတင်ပြီးတော့ ကာကွယ်ပြီးတော့ စီမံဆောင်ရွက်သွားမယ့်အနေအထားဟာ ပိုပြီးတော့ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်သွားဖို့ လိုအပ်နေတယ်ဆိုတဲ့ဥစ္စာကိုလည်း ကျွန်တော်တို့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ဆန္ဒနဲ့အညီ အဆုံးအဖြတ် ခံယူသွားပါမယ်လို့ လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၅၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းတဲ့ ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် မြေစာတောင် ပြို၍ လူရာချီသေဆုံးမှုမျိုး ထပ်မံ မဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုပေါ်မှာထောက်ခံ (၉၁ )၊ ကန့်ကွက် (၆၅ )၊ ကြားနေ (၈ ) မဲဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးခက်ထိန်နန် ရဲ့ အဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။

**အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာများနှင့် စပ်လျဉ်း၍ စိစစ်တင်ပြချက်အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၄း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ ပထမပုံမှန် အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာများနှင့် စပ်လျဉ်း၍ စိစစ်တင်ပြချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု လွှတ်တော်အခွင့်အရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၅၈။**

**ဦးအောင်ချိုဦး (အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်ပြသွားမယ့် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးအောင်ချိုဦး ဖြစ်ပါတယ်။

**ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ လွှတ်တော်အခွင့်အရေးကော်မတီက အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာများနှင့်စပ်လျဉ်း၍ စိစစ်တင်ပြချက်အစီရင်ခံစာ**

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၇)ရက်

၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ လွှတ်တော်အခွင့်အရေးကော်မတီက (၄-၃-၂၀၁၁)ရက်နေ့တွင် ဦးမြညိမ်း (ဥက္ကဋ္ဌ)၊ ဦးအောင်ငြိမ်း (အတွင်းရေးမှူး)အပါအဝင် အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ (၂၆-၁-၂၀၁၂) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၂ ဖြင့်လည်းကောင်း၊ (၂၂-၃-၂၀၁၂) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၂ ဖြင့်လည်းကောင်း၊ (၁-၉-၂၀၁၂)ရက်နေ့တွင် အမိန့် ကြော်ငြာစာအမှတ် ၃၇/၂၀၁၂ ဖြင့်လည်းကောင်း၊ (၂၄-၇-၂၀၁၃) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၃ နှင့် (၁၈-၇-၂၀၁၄)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၄ တို့ဖြင့် အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထိုကာလများအတွင်း လွှတ်တော်အခွင့်အရေးကော်မတီက အမျိုးသားလွှတ်တော်သို့ အစီရင်ခံစာ (၇)စောင် တင်သွင်းခဲ့ပါသည်။

၂။ လွှတ်တော်အခွင့်အရေးကော်မတီက အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ၁၈.၁.၂၀၁၃ ရက်နေ့တွင်ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတတိယနေ့တွင် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းခဲ့သော ပြည်တွင်း ငြိမ်းချမ်းရေးအဆို တင်ပြဆွေးနွေးချက်ပါ အကြောင်းအရာများအနက် နိုင်ငံတော်သမ္မတ ပြောကြားသည့် စကားရပ်အပေါ် ကိုးကားချက်စာသား စိစစ်တင်ပြချက် အစီရင်ခံစာ၊

(ခ) ၇-၂-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် တင်သွင်းခဲ့သော ၂၀၁၂ ခုနှစ်၊ ဇွန်လ ရခိုင်ပြည်နယ်၌ ဘင်္ဂါလီဆူပူမှုကြောင့် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအပေါ် ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နယ်စပ်လုံခြုံရေး၊ နယ်မြေအုပ်ချုပ်ရေးနှင့် လူဝင်လူထွက် စီမံခန့်ခွဲရေးဆိုင်ရာ မဟာဗျူဟာမြောက် ရေတိုရေရှည် အထူးအစီအမံတို့ဖြင့် ဦးစားပေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ က ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ စိစစ်တင်ပြချက်အစီရင်ခံစာ၊

(ဂ) ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်သော ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ)မှ (၆-၂-၂၀၁၃)ရက်နေ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးတွင် ကျင်းပပြုလုပ်ခဲ့သော လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေး ကော်မရှင်အစည်းအဝေးတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဦးတည်လျက် အဓိကလှုံ့ဆော်နေတဲ့သူ (၄) ယောက်ခန့်ရှိပါကြောင်း၊ ဒီ (၄)ယောက်အား နိုင်ငံတော်က ဘာကြောင့်မထိန်းနိုင်သလဲ၊ ကျွန်တော်စဉ်းစားလို့မရဘူးဟု ဆွေးနွေးခဲ့မှုအပေါ် ဦးနေမျိုးဝေ( ဥက္ကဋ္ဌ- မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ)မှ ၎င်းအား နိုင်ငံရေးလှုံ့ဆော်သည်ဟု စွပ်စွဲ ပြောဆိုမှုအပေါ် ဂုဏ်သိက္ခာထိပါးသည် ဟုဆိုကာ ဒဂုံမြို့နယ်တရားရုံးတွင် ပြစ်မှုကြီး အမှတ်၊ ၆၂၊ ၂၀၁၃ - ပုဒ်မ ၅၀၀ ဖြင့် အမှုဖွင့်ဆိုခဲ့မှုအပေါ်တွင် လွှတ်တော် ကိုယ်စားလှယ်ဖြစ်သော ဒေါက်တာခင်ရွှေမှ တင်ပြခဲ့သောစာနှင့်စပ်လျဉ်း၍ စိစစ် တင်ပြချက် အစီရင်ခံစာ၊

(ဃ) ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)သည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စရပ်များအား ဝင်ရောက်စွက်ဖက်ခဲ့ကြောင်း တင်ပြလာမှုနှင့်စပ်လျဉ်း၍ စိစစ်တင်ပြချက် အစီရင်ခံစာ၊

(င) ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)သည်

ကျိုက်မရောမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ ကျင့်ဝတ်သိက္ခာ မရှိသော လုပ်ရပ်များကို လူကြီးများမှ ပြုပြင်ပေးနိုင်ပါရန် တင်ပြစာနှင့် စပ်လျဉ်း၍ စိစစ်တင်ပြချက် အစီရင်ခံစာ၊

(စ) ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) သည် မောက်-တောင်ယာပြင် ရွာချင်းဆက်ကျောက်ခင်းလမ်းပြုပြင်ခြင်းနှင့် ပတ်သက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များအား အကြောင်းမဲ့ ခေါ်ယူကြိမ်းမောင်းခဲ့သည့်လုပ်ရပ်အား ရှုံ့ချကန့်ကွက်ကြောင်း တင်ပြစာနှင့်စပ်လျဉ်း၍ စိစစ်တင်ပြချက် အစီရင်ခံစာ၊

(ဆ) ၁၁-၁၁-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၏ မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့လုပ်ဆောင်နေသည်ကိုသိရှိလိုခြင်း မေးခွန်းမေးမြန်းခဲ့မှုနှင့် စပ်လျဉ်း၍ စိစစ်တင်ပြချက် အစီရင်ခံစာတို့ ဖြစ်ကြပါသည်။

၃။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် အစီရင်ခံစာတင်သွင်းခဲ့ခြင်း မရှိပါကြောင်းနှင့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ ယခုအချိန်အထိ ဤကော်မတီ အနေဖြင့် ဆောင်ရွက်ရန် လက်ကျန်ကိစ္စရပ်များ မရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

လွှတ်တော်အခွင့်အရေးကော်မတီ၊ အမျိုးသားလွှတ်တော်၊

**အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**အချိန်၊ ၁၅:၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတင်ပြချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၅း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ တင်ပြချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထား ပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၅း၀၅။**

**ဦးမှတ်ကြီး (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းပါစေလို့ ပဏာမ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနဲ့ပတ်သက်၍ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ ဥက္ကဋ္ဌ ဦးမှတ်ကြီး ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်တွင် အစီရင်ခံစာကို ဖြန့်ဝေပြီးဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်တော် လိုအပ်ချက်များကိုပဲ တင်ပြခြင်း ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ**

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ (က)၊ အမျိုးသား လွှတ်တော် ဥပဒေပုဒ်မ ၂၀ နှင့် အမျိုးသားလွှတ်တော် နည်းဥပဒေပုဒ်မ ၇၁ နှင့် ၇၃ တို့အရ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး၊ အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့်အဆိုများနှင့် ပတ်သက်၍ နောက်တစ်ကြိမ် ကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းရန် ဖြစ်ပါသည်။

၂။ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အခါ အားလုံးအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနိုင်ရန်အတွက် လွှတ်တော်အနေ ဖြင့် နိုင်ငံတော်သမ္မတထံလိပ်မူပြီး၊ ယခု(၁)ကြိမ် နောက်(၃)လ ဖြစ်သည့် အချိန်မှာ (၁)ကြိမ်၊ နောက်(၂)လ ဖြစ်သည့်အချိန်မှာ (၁)ကြိမ်၊ နောက် (၁)လ (၁)ကြိမ်၊ နောက်ဆုံး ပုံမှန်အစည်းအဝေးကာလဆိုရင် (၁)ခု ကတိဖြစ် (၁)ခုပို့ဆိုတဲ့ လွှတ်တော်လည်းပြီး လုပ်ငန်းလည်း အကောင်အထည်ဖော်တာ ဖြစ်မှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အဲ့ဒီလို ဆောင်ရွက်ပေးရန် လွှတ်တော်ရုံးက မှတ်သားဆောင်ရွက်ရန် လမ်းညွှန် ခဲ့ပါတယ်။

၃။ ဒါကြောင့်မို့လို့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ် မြောက်ပုံမှန် အစည်းအဝေးအထိ ကတိဖြစ်ပေါ်မှု အခြေအနေမှာ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၁၀၂၀)ခု ဖြစ်ခဲ့ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က (၉၈၇)ခု ဆောင်ရွက်ခဲ့ပြီးတော့ (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးကာလတွင် (၃၃)ခု ပယ်ဖျက်ခဲ့ပါတယ်။

ကြယ်ပွင့်မပြမေးခွန်းအနေနဲ့(၁၀၀၇)ခု ကတိဖြစ်ပေါ်ခဲ့ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က (၉၇၄)ခု ဆောင်ရွက်ခဲ့ပြီး၊ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလတွင် (၃၃)ခု ပယ်ဖျက်ခဲ့ပါတယ်။

အဆိုအနေနဲ့ကတော့(၁၂၈)ခု အတည်ပြုခဲ့ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က (၁၂၀)နှင့် အမျိုးသားလွှတ်တော်က(၂)ခု ဆောင်ရွက်ခဲ့ပြီးတော့၊ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလတွင် (၆)ခု ပယ်ဖျက်ခဲ့ပါသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာ (၂) စောင်ပေးပို့ ခဲ့ပြီးတော့ ကော်မတီက(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလတွင် ကတိဖြစ်မေးခွန်းအဆိုနဲ့ ပတ်သက် ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ (၆)ကြိမ် ပေးပို့ခဲ့ပါသည်။

၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့ သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းတို့၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ကြယ်ပွင့်ပြ မေးခွန်းအနေနဲ့ (၈၃)ခု ဖြစ်ပေါ်ခဲ့ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က (၅၀)ခု ဆောင်ရွက်ခဲ့ပြီးတော့ (၃၃)ခု ပယ်ဖျက်ခဲ့ပါတယ်။ ကြယ်ပွင့်မပြမေးခွန်းအနေနဲ့ (၉၁)ခု ဖြစ် ပေါ်ခဲ့ပြီး တော့ ပြည်ထောင်စုအစိုးရအဖွဲ့က (၅၈)ခုဆောင်ရွက်ခဲ့ပြီးတော့ (၃၃)ခု ပယ်ဖျက်ခဲ့ပါတယ်။ အဆို အနေနဲ့တော့ (၁၀)ခု ဖြစ်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က (၂)ခုနဲ့ အမျိုးသားလွှတ်တော်က (၂)ခု ဆောင်ရွက်ခဲ့ပြီးတော့ (၆)ခု ပယ်ဖျက်ခဲ့ပါတယ်။

၅။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် (၁၉.၆. ၂၀၁၅)ရက်နေ့တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြီးတော့ ကတိကဝတ်ဖြစ်ပေါ်ခဲ့သည့် မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ တိကျသေချာသော အဖြေရရှိရေး၊ လုပ်ငန်းများစနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းမှုများပြုလုပ်ခဲ့ရာ မြေပြင်အခြေအနေ၊ ဘဏ္ဍာငွေရရှိမှု အခြေအနေ ပေါ်မူတည်ပြီးတော့ လုပ်ငန်းတိုးတက်မှုတို့ကို အသေးစိတ်ညှိနှိုင်း သိရှိခဲ့ရပါသဖြင့် မပြီးပြတ်သေးသော လုပ်ငန်းများကို စေ့စပ်ဖြေရှင်းနိုင်ခဲ့ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပယ်ဖျက်ပေးရန် ပေးပို့လာသည့်

ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာကိုယ်စားလှယ်များထံသို့ အသိပေးနှိုးဆော်စာများ ဖြန့်ဝေမှုများကို စနစ်တကျ ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ မရရှိသောကိစ္စများ၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံ ဆောင်ရွက်ရမည့်ကိစ္စများ၊ နှစ်ရှည် ဆောင်ရွက်ရမည့်ကိစ္စများ၊ အခြားကိစ္စများ (မြေယာ၊ လျော်ကြေး၊ ဥပဒေ၊ လစာ၊ ဖွဲ့စည်းပုံ၊ ကျောင်း အဆင့်တိုး)စသည့် ကိစ္စရပ်များကို ပယ်ဖျက်ပေးရန် တင်ပြလာခြင်းရှိတာကို တွေ့ရှိရပါတယ်။

## ကော်မတီ၏ စိစစ်တွေ့ရှိချက်

၁၀။ ကော်မတီ၏ စိစစ်တွေ့ရှိချက်ကတော့ -

ပထမအကြိမ်၊ အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်း (၈၃)ခု ဆောင်ရွက်ခဲ့ပြီးတော့၊ (၅၀)ခု ရှိခဲ့ပြီးတော့၊ (၃၃)ခု ပယ်ဖျက်ပြီးတော့၊ ကတိမဖြစ်တဲ့ ကြယ်ပွင့် မပြမေးခွန်းပေါင်း (၉၁)ခု ဆောင်ရွက်ပြီးတော့ (၅၈)ခုပယ်ဖျက်၊ (၃၃)ခုအတည်ပြု ပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုအနေနဲ့ (၁၀)ခုအနေနဲ့ (၄)ခုမှာ ဆောင်ရွက်ခဲ့ပြီးတော့၊ (၆)ခု ပယ်ဖျက်ခဲ့ ကြောင်း တွေ့ရှိရပါတယ်။

ပထမအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ကာလအတွင်း ကတိဖြစ်ကြယ်ပွင့်ပြမေးခွန်းပေါင်း (၁၀၂၀) ဆောင်ရွက်ခဲ့ပြီးတော့ (၉၈၇) ခု ပယ်ဖျက်ခဲ့ပြီးတော့ ကတိဖြစ်ကြယ်ပွင့်မပြ မေးခွန်းပေါင်း(၁၀၀၇)ခု ဆောင်ရွက်ခဲ့ပြီးတော့ ဆောင်ရွက် ပြီး (၉၇၄)ခု ဆောင်ရွက်ခဲ့တယ်။ ပယ်ဖျက်ပြီးတာဆိုရင်(၃၃)ခု ဖြစ်ပါတယ်။ အတည်ပြုအဆိုပေါင်း(၁၂၈) ခု ဆောင်ရွက်ခဲ့ပြီးတော့၊ (၁၂၂)ခု ဆောင်ရွက်ခဲ့ပြီးတော့ ပယ်ဖျက်အနေ နဲ့ (၆)ခု ဖြစ်ပါတယ်။ ယခု (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာ တင်သွင်းတဲ့ အစီရင်ခံစာ တင်သွင်းတဲ့အချိန်မှာ လုပ်ငန်း အားလုံး ဆောင်ရွက်ပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ပထမအကြိမ်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြ မေးခွန်း(၁၉၄၁)ခုနှင့် ကတိဖြစ်မေးခွန်းပေါင်းက (၁၀၂၀)ခု၊ ကတိမဖြစ်မေးခွန်းပေါင်း(၉၂၁)ခု၊ ကြယ်ပွင့်ပြ မေးခွန်းပေါင်း(၂၄၅၅)ခု၊ ကတိဖြစ်တဲ့ မေးခွန်း ပေါင်း (၁၀၀၇)ခုနဲ့ ကတိမဖြစ် မေးခွန်းပေါင်း(၁၄၄၈)ခု နှင့် အတည်ပြု အဆိုပေါင်း(၁၂၈)ခု ဖြစ်ကြောင်း နောက်ဆက်တွဲ(က)ဖြင့် တင်ပြအပ်ပါသည်။

ကတိဖြစ်ပေါ်ခဲ့သော လုပ်ငန်းများသည် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ရမည်ဖြစ်သော်လည်း နှစ်ရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ခြင်း၊ ဆောင်ရွက် ရမည့် Procedure များ များပြားပြီး သတ်မှတ်ကာလအတွင်း မပြီးစီးနိုင်ခြင်း၊ ဘတ်ဂျက်ရရှိရန် တင်ပြ တောင်းခံသော်လည်းပဲ ရန်ပုံငွေ မရရှိခြင်းကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိကြောင်း စိစစ် တွေ့ရှိရပါသည်။

## ကော်မတီ၏ သုံးသပ်အကြံပြုချက်

၁၁။ ကော်မတီ၏ သုံးသပ်အကြံပြုချက်မှာ -

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များသည် ပြည်သူများ၏ အမှန် တကယ်လိုအပ်ချက်များ ဖြစ်သည့်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန များမှ အမြန်ဆောင်ရွက်ပေးမှသာလျှင် ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်

များကို ယုံကြည်လာပြီး လွှတ်တော်နှင့် နိုင်ငံတော်အစိုးရအပေါ် ပိုမိုသက်ဝင်ယုံကြည်လာမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

(ခ) ကော်မတီရဲ့ တာဝန်အရ လွှတ်တော်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးရှိ ကိုယ်စားလှယ်များ၏မေးမြန်းချက်အပေါ် ကတိဖြစ်မေးခွန်းများ စိစစ်ကြီးကြပ်ရသော လုပ်ငန်းဖြစ်သဖြင့် အဆိုပါလုပ်ငန်းများကို အကောင်အထည်ဖော်ပြီးမြောက်အောင်ဆောင် ရွက်နိုင်မှသာလျှင် လွှတ်တော်၏ Image တစ်ခုဖြစ်ကြောင်း သုံးသပ် တွေ့ရှိရပါသည်။

(ဂ) နောင်တွင်ပေးပို့လာသော ကတိဖြစ်မေးခွန်းများအားလုံးကို ပယ်ဖျက်ခြင်းမပြုဘဲ သက်ဆိုင်ရာ ကတိဖြစ်မေးခွန်း၏ ပယ်ဖျက်လိုသော အခြေအနေဆိုင်ရာ လုပ်ငန်းပြီးစီးမှု မှတ်တမ်းဓာတ်ပုံ၊ ကျွမ်းကျင်မှု ဆိုင်ရာ စစ်ဆေးမှု အထောက်အထား အချက်အလက် ခိုင်လုံပြည့်စုံမှသာလျှင် ပယ်ဖျက်ခွင့်ပြုသင့်သည်ဟု အကြံပြုလိုပါတယ်။

(ဃ) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နိုင်ငံတော်ရဲ့ ဘတ်ဂျက်ရရှိမှုအပေါ် မူတည်ပြီးတော့ ယေဘုယျ မူတည်နေသော်လည်းပဲ နိုင်ငံတကာ ပါလီမန်များမှ အစိုးရသက်တမ်း ကုန်ဆုံးသည့် အလွှဲအပြောင်းကာလတွင် ဆောင်ရွက်ရသောလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါသည်။ အစိုးရအဖွဲ့သည် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ဘဏ္ဍာနှစ် အလိုက်ဖြစ်သည့် လွှတ်တော်သည် နှစ်ဦးပိုင်း ပထမလတွင် ကုန်ဆုံးခြင်း ဖြစ်သဖြင့် (၂)လကျော် အချိန်ကွာဟနေသဖြင့် လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) ကတိဖြစ် ကြယ်ပွင့်ပြမေးခွန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အချို့လုပ်ငန်းများမှာ (၁၀)ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းထိ ပြီးစီးမှု ရှိသော်လည်းပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးနိုင်မည်ဖြစ်၍ ကတိဖြစ်မှ ဆောင်ရွက်ပြီး တင်ပြလာခြင်းများ ရှိရာ အဆိုပါလုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် ခိုင်မာမှုကို သိရှိနိုင်ရန် ခဲယဉ်းမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများ ပြီးစီးမှု အခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၅း၁၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၅း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသား လွှတ်တော်သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၅း၁၅။**

**ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

၁။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ကျွန်တော်ဒေါက်တာခင်ရွှေမှ ပထမအကြိမ် အမျိုးသားလွှတ်တော်၊ သက်တမ်းကာလအတွင်းမှာ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၂။ နိုင်ငံမှာ သဘာဝဘေးအန္တရာယ်များဖြစ်သော ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ စစ်ဘေးရှောင် ဒုက္ခသည်ပြဿနာများကို ရင်ဆိုင်ကြုံတွေ့လာရသောကြောင့် အမျိုးသားလွှတ်တော်အနေဖြင့် ဘေးအန္တရာယ် ရင်ဆိုင်ခဲ့ရသောပြည်သူများအား ငွေအား၊ လူအား၊ စိတ်ဓာတ်အားတို့ဖြင့် ပံ့ပိုးကူညီနိုင်ရန်အတွက်၊ ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

၃။ သဘာဝဘေးအန္တရာယ်ရင်ဆိုင်နေရတဲ့ ဒေသခံပြည်သူများ၏ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းတို့အား အထိုက်အလျောက် လျော့ပါးသက်သာစေရန် လွှတ်တော်ကိုယ်စားလှယ်များ၏ လူမှုရေးအသိစိတ်ဓာတ်ကိုအခြေခံပြီးတော့ ကူညီစောင့်ရှောက်ပေးရန် ရည်ရွယ်၍ဖွဲ့စည်းရခြင်းဖြစ်ပါသည်။

၄။ အဲ့ဒီအခြေအနေများကို လေ့လာသုံးသပ်ပြီးတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကနေပြီးတော့ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီကို ဖွဲ့စည်းနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၄)၊ အပိုဒ်၁၄၇(ဂ)အရ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏နည်းဥပဒေ(၇၉)တို့နှင့်အညီ ဖွဲ့စည်းရန်ဆုံးဖြတ်ခဲ့ပါသည်။

(က) အမျိုးသားလွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ၅-၈-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၈/၂၀၁၃ ဖြင့် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီကို စတင်ဖွဲ့စည်းခဲ့ပါသည်။

(ခ) ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေး ကော်မတီကို ၁၈-၇-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၄၁/၂၀၁၄ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၅။ ကော်မတီ၏လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ၁၁-၉-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီအမည်အစား ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဟု အမည်ပြောင်းလဲခဲ့ပါသည်။

၆။ အဲဒီကော်မတီဟာ ၂၀၁၃ ခုနှစ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကို မှီငြမ်းပြီးတော့ သဘာဝဘေးအန္တရာယ်ကျရောက်သော နေရာ၊ ဒေသ၊ လူ၊ တိရစ္ဆာန်တို့အား အမျိုးသားလွှတ်တော်သို့ တက်ရောက်လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ စေတနာထက်သန်မှု၊ ပံ့ပိုးစောင့်ရှောက်လိုမှုကို အခြေခံပြီးတော့ ဘေးအန္တရာယ်ရင်ဆိုင်ရသော ပြည်သူများကို ကူညီသွားတာ ဖြစ်ပါသည်။

၇။ ကော်မတီကိုဖွဲ့စည်းပြီးသည့် အချိန်မှစ၍ ကော်မတီသည် သဘာဝဘေးဒဏ်အန္တရာယ်ခံရသော ဒေသများသို့သွားရောက်ခြင်း၊ ထောက်ပံ့ခြင်း၊ ကော်မတီအစည်းအဝေးများ ကျင်းပခြင်း၊ နိုင်ငံခြား ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံခြင်းများကို အခါအားလျော်စွာပြုလုပ်ခဲ့ပါသည်။

၈။ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီသည် စတင်ဖွဲ့စည်းသည့် ၅-၈-၂၀၁၃ ရက်နေ့မှယနေ့အထိ ကော်မတီအစည်းအဝေး(၁၄)ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး(၁)ကြိမ် စုစုပေါင်း (၁၅)ကြိမ်ကျင်းပခဲ့ပါသည် ။

၉။ (က) အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဆောင်ပြီးတော့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံ၊ ကော့ကရိတ်၊ ကမမောင်း၊ လှိုင်းဘွဲ့၊ ရေးမြို့နယ်များသို့ ၁၁-၈-၂၀၁၃ မှ ၁၄-၈-၂၀၁၃ ရက်နေ့အထိ သွားရောက်ပြီးတော့ ရေဘေးသင့်ပြည်သူများနှင့်အခြားလူမှုရေးအဖွဲ့အစည်းများအား ကျပ်သိန်းပေါင်း(၂၆၂၉)သိန်း လှူဒါန်း ထောက်ပံ့ခဲ့ပါသည်။

(ခ-၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်၍ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့၊ ဗန်းမော်မြို့များသို့ ၂၁-၉-၂၀၁၃ မှ ၂၃-၉-၂၀၁၃ ရက်နေ့ထိကို သွားရောက်ပြီး နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြတဲ့ ကယ်ဆယ်ရေးစခန်းများကို ကျပ်သိန်း(၁၈၇၄.၅၆၅) တန်ဖိုးရှိတဲ့အဝတ်အထည်များ၊ အိမ်သုံးပစ္စည်းများနှင့် အစားအစာပစ္စည်းမျိုးစုံ ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(ခ-၂) ကော်မတီဥက္ကဋ္ဌဒေါက်တာခင်ရွှေ ကလည်း ၈-၁၀-၂၀၁၃ ရက်နေ့မှာ တာမွေမြို့နယ်၊ ရွှေညောင်ပင်လမ်းမှာရှိတဲ့ အလိုတော်ပြည့်ကျောင်းမှာ မလေးရှားမှ ပြန်လည်ရောက်လာတဲ့ မူရင်းဒေသပြန်ရန်အတွက် ကျပ်သိန်း(၅၀) လှူဒါန်း ခဲ့ပါတယ်။

(ဂ-၁) ပြည်ထောင်စုလွှတ်တော် နာယကဦးဆောင်ပြီးတော့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာ ၁၇-၁၁-၂၀၁၃ ကနေပြီးတော့ ၁၈-၁၁-၂၀၁၃ ရက်နေ့အထိ ချင်းပြည်နယ်တွင် မြေပြိုမှုကြောင့် နေရပ်ပြောင်းရွှေ့ခဲ့သည့် အိမ်ထောင်စုများနှင့် ပရဟိတဂေဟာများကို

ငွေကျပ်သိန်းပေါင်း (၁၀၃၃)သိန်းနှင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့မှာရှိတဲ့ သခင်ဖိုးလှကြီး မိသားစုဝင်များအား တစ်ဦးလျှင် (၃)သိန်းနှုန်းနဲ့ ငွေကျပ်(၉၆)သိန်း ထောက်ပံ့ကူညီခဲ့ပါတယ်။

(ဂ-၂) ၁၇-၁၂-၂၀၁၃ ရက်နေ့မှာ ကော်မတီဥက္ကဋ္ဌဟာ မြောက်ဥက္ကလာပဆေးရုံကြီးသို့ သွားရောက်ပြီးတော့ ငွေကျပ်သိန်း (၂၁၉.၇၀၀)တန်ဖိုးရှိတဲ့ မျက်စိ ခွဲစိတ်သည့်စက်ကို လှူဒါန်းခဲ့ပါတယ်။

(ဂ-၃) အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်ပြီးတော့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာ ၁၁-၁-၂၀၁၄ မှ ၁၂-၁-၂၀၁၄ ရက်နေ့ထိ ရခိုင်ပြည်နယ် ရသေ့တောင်မြို့သို့ သွားရောက်ပြီး မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းနှင့် မျက်စိဝေဒနာရှင်များအား ထောက်ပံ့ ပေးအပ်ခဲ့တဲ့နေရာမှာ ငွေကျပ် သိန်းပေါင်း (၆၂၈) သိန်း လှူဒါန်းခဲ့ပါတယ်။

(ဂ-၄) ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ဟာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာရည်ချွန်မှာ ထူးချွန်တဲ့ပုဂ္ဂိုလ်များ ငွေကြေးမတတ်နိုင်တဲ့ ကျောင်းသူ/ သားများကို ပညာသင်စရိတ် သိန်း(၂၁၇.၂၀၀) သိန်းကို ထောက်ပံ့ကူညီခဲ့ပါတယ်။

(ဃ-၁) အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်ပြီးတော့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၃-၃-၂၀၁၄ မှ ၂၄-၃-၂၀၁၄ ရက်နေ့ထိ ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်နှင့် ကျုံပျော်မြို့နယ်များသို့ သွားရောက်ပြီး မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်တယ်၊ စစ်ဆေးတယ် ခွဲစိတ်ကုသခြင်းနှင့် စာအုပ်များအတွက် ငွေကျပ် သိန်းပေါင်း (၁၁၁၀)သိန်း ကူညီထောက်ပံ့ လှူဒါန်းခဲ့ပါတယ်။

(ဃ-၂) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်ပြီးတော့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာ ၂၆-၄-၂၀၁၄ ကနေပြီးတော့ ၂၈-၄-၂၀၁၄ ရက်နေ့ထိ ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ သွားရောက်ပြီးတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်းပေါင်း (၁၇၇၄.၃၇၁)သိန်းတန်ဖိုးရှိတဲ့ အဝတ်အထည်၊ အမိုးသွပ်ပြား၊ ဆန်အိတ်နှင့် စာရေးကိရိယာများ ကူညီထောက်ပံ့ လှူဒါန်းခဲ့ပါတယ်။

(ဃ-၃) ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်ပြီးတော့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာ ၂၉-၄-၂၀၁၄ မှ ၁-၅-၂၀၁၄ ရက်နေ့ထိ ရခိုင်ပြည်နယ်၊ ဂွမြို့သို့ သွားရောက်ပြီး မျက်စိရောဂါ ဝေဒနာရှင်များကို မျက်စိ စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသခြင်းအတွက် ငွေကျပ်ပေါင်း(၁၅၉၅.၃၈၇)သိန်း ကူညီ ထောက်ပံ့ လှူဒါန်းခဲ့ပါသည်။

(ဃ-၄) ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များသည် ၂-၆-၂၀၁၄ ရက်နေ့ တွင် ရန်ကုန်တောင်ပိုင်းခရိုင်သို့ သွားရောက်ပြီး ကျောင်းများနှင့် လူမှုရေးအဖွဲ့အစည်းများအား ငွေကျပ်သိန်း(၁၄၂၇.၅၀)သိန်း ကူညီထောက်ပံ့ လှူဒါန်းခဲ့ပါသည်။

(ဃ-၅) ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီးသို့ အဝတ်လျှော်စက်နှင့် အခြောက်ခံစက် မတ်တပ်ဆင်စရိတ် အပါအဝင် သိန်းပေါင်း

(၂၂၅)သိန်းကိုလည်းကောင်း၊ ကချင်ပြည်နယ် စစ်ရှောင်မိသားစုများ၏ သားသမီးများအား သင်တန်းပေးရန် ငွေကျပ်သိန်း(၅၀)အားလည်းကောင်း၊ ရှမ်းပြည်နယ် မက်မန်းမြို့နယ်မှာရှိတဲ့ဘုန်းကြီးကျောင်းကို ငွေကျပ်သိန်း (၁၀၀)အားလည်းကောင်း၊ စုစုပေါင်းကျပ်(၃၇၅)သိန်းကို ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(င-၁) ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ဦးဆောင်ပြီးတော့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၁၇-၇-၂၀၁၄ မှ ၂၀-၇-၂၀၁၄ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး(အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်) မင်္ဂလာဒုံမြို့နယ်မှာရှိတဲ့ မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသခြင်းများအတွက် ငွေကျပ်သိန်းပေါင်း (၃၁၃၂)သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။

(င-၂) ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ နှင့် အဖွဲ့ဝင်များသည် ၂-၈-၂၀၁၄ မှ ၃-၈-၂၀၁၄ ရက်နေ့ထိကို မွန်ပြည်နယ်ရေးမြို့နယ်နှင့် ကျိုက်မရောမြို့သို့ သွားရောက်ပြီး စာသင်ကျောင်းများ၊ လူမှုရေး၊ ပညာရေးအဖွဲ့အစည်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်း(၂၄၂၅.၆၁၄) သိန်းတန်ဖိုး ရှိစာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများကို ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(င-၃) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်၍ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၈-၈-၂၀၁၄ မှ ၃၁-၈-၂၀၁၄ ရက်နေ့အထိ ရှမ်းပြည်နယ်၊ ပင်းတယ၊ ရွာငံ၊ ညောင်ရွှေ၊ လွိုင်လင်၊ တောင်ကြီးမြို့များသို့သွားရောက်ပြီးတော့ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများအား ငွေကျပ်သိန်း(၂၂၉၈.၉၅)သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(င-၄) ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂-၉-၂၀၁၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး လေဘေးသင့်ပြည်သူများ၊ ကျောင်းသား/သူများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငွေကျပ်သိန်း (၁၃၄၉.၀၃၉) ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(င-၅) နောက်တော့တိုင်းနှင့်ပြည်နယ်အသီးသီးရှိ လူမှုရေးအဖွဲ့အစည်းနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများအား ငွေကျပ်သိန်း (၉၇၉. ၉၀၀)သိန်း လှူဒါန်းခဲ့ပါသည်။

(စ-၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်ပြီးတော့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၅-၁၂-၂၀၁၄ မှ ၇-၁၂-၂၀၁၄ ရက်နေ့ထိ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်သို့ သွားရောက်ပြီး မျက်စိဝေဒနာသည်များအား မျက်စိစမ်းသပ်၊ ကုသခွဲစိတ်ပေးခြင်းနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများအား ငွေကျပ်သိန်း(၂၄၆၆. ၂၀၃) သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(စ-၂) အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးဆောင်၍ ကော်မတီ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် ၃၀-၁၂-၂၀၁၄ မှ ၂-၁-၂၀၁၅ ရက်နေ့ထိ ရခိုင်ပြည်နယ်၊ ရသေ့တောင်၊ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ သံတွဲမြို့များသို့ သွားရောက်ပြီးတော့ ဒေသဖွံ့ဖြိုးရေး

လုပ်ငန်းများအတွက် ငွေကျပ်သိန်း (၂၄၁၇.၁၁၃)တန်ဖိုး ရှိတဲ့ပစ္စည်းများကို ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(စ-၃) ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ဟာ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်မှာ ရှိတဲ့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီဆောင်ရွက်မှုများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငွေကျပ်သိန်း (၃၉၇၃.၁၄၂) သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(ဆ-၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်ပြီးတော့ ကော်မတီဥက္ကဋ္ဌ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ၄-၄-၂၀၁၅ မှ ၅-၄-၂၀၁၅ ရက်နေ့ထိ လာရှိုးမြို့နှင့် ပြင်ဦးလွင်မြို့သို့ သွားရောက်ပြီးတော့ လောက်ကိုင်ဒေသတွင် နိုင်ငံတော်အတွက် အသက်ပေးဆပ်ခဲ့သူများ၊ ဒဏ်ရာရစစ်သည်များနှင့် ကြက်ခြေနီမောင်မယ်များ အတွက်ကို ငွေကျပ်သိန်း (၃၁၄၃.၃)သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(ဆ-၂) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်ပြီးတော့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀-၆-၂၀၁၅ မှ ၂၁-၆-၂၀၁၅ ရက်နေ့ထိ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်သို့ သွားရောက်ပြီးတော့ မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းအတွက် ငွေကျပ်သိန်း(၅၂၀) သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(ဆ-၃) နောက်တစ်ခါ ကျွန်တော်ကိုယ်တိုင်၂၁-၆-၂၀၁၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်မြို့တော်ခန်းမ တည်ဆောက်ဖို့ကိုလည်း ငွေကျပ်သိန်း (၁၀၀၀) ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(ဆ-၄) ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေဟာ ရန်ကုန်တိုင်းတောင်ပိုင်းခရိုင်မှာရှိတဲ့ ဒေသများမှာ လူမှုရေး၊ ကျန်းမာရေး ဆိုင်ရာအဖွဲ့အစည်းများအား ငွေကျပ် သိန်း (၃၇၉၇.၉၇၂)သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(ဆ-၅) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်ပြီးတော့ နိုင်ငံတော်အတွင်း ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်လာခဲ့သည့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ကူညီနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ၁၄-၈-၂၀၁၅ ရက်နေ့တွင် ကျပ်သိန်း (၁၀၀) တန်ဖိုးရှိတဲ့ အဝတ်အစား များကို သွားရောက်လှူဒါန်းထောက်ပံ့ပေးခဲ့ပါသည်။

(ဇ-၁) အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ နှင့်အဖွဲ့သည် ၄-၈-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသမှာရှိတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေကျပ်သိန်း (၆၅၀) ထောက်ပံ့လှူဒါန်း ခဲ့ပါသည်။

(ဇ-၂) နောက် ကျွန်တော် ဥက္ကဋ္ဌအနေဖြင့်လည်း ၅-၈-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး ကွမ်းခြံကုန်းမှာရှိတဲ့ ကျေးလက်နေပြည်သူများကို အလှူငွေကျပ် သိန်း (၆၂၉.၈၈)သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(၉-၃) ၆-၈-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်များကို သွားရောက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် အလှူငွေကျပ်သိန်း (၁၇၇၇.၅၅) သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(၉-၄) နောက်တစ်ခါ ကျွန်တော့်အနေဖြင့်လည်း တွံတေးမြို့နယ်ဒေသအတွက်ကို အလှူငွေ ကျပ်(၃၂၅)သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(၉-၅) နောက်တစ်ခါ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမှာရှိတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အတွက်ကို ကျပ် (၇၅၆. ဝ၄)သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(၉-၆) နောက် ကျွန်တော့်အနေဖြင့်ပဲ ရန်ကုန်တိုင်းဒေသကြီး ဒလမှာရှိတဲ့ကျေးလက်ဒေသ လုပ်ငန်းဖွံ့ဖြိုးရေးအတွက်ကျပ်(၂၂၁.၅၇)သိန်းထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(၉-၇) အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ကျွန်တော့်အနေဖြင့်ပဲ တွံတေးမှာရှိတဲ့ကျေးလက်ဒေသအတွက်ကိုလည်း ကျပ်(၅၁၁.၅) သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(၉-၈) ၅-၉-၂၀၁၅ ရက်နေ့မှာလည်း ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မှာလည်း အလှူငွေကျပ်(၆၁၆)သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

(၉-၉) နောက် ကျွန်တော်တို့ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများသို့ တွေ့ပြီးတော့ အလှူငွေမှာ ကျပ်(၁၀၆၅) သိန်း ဖြစ်ပြီးတော့ ရန်ကုန်တိုင်း တွံတေး-ကော့မှူး - ကွမ်းခြံကုန်း-ဆိပ်ကြီးခနောင်တို-ဒလဘက်မှာတင် (၆၅၅၂.၅၄) သိန်း ထောက်ပံ့လှူဒါန်း နိုင်ခဲ့ပါသည်။

၁၀။ နိဂုံးချုပ်အားဖြင့် ကော်မတီအနေဖြင့် မြန်မာနိုင်ငံအတွင်းမှာ သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ဒေသများ၊ စစ်ဘေးရှောင်ဒေသများ၊ မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ၁/၂၀၁၃ မှာ (၂၆၂၉) သိန်း၊ ၂/၂၀၁၃ မှာ(၁၈၇၄.၅၆၅) သိန်း၊ ၃/၂၀၁၄မှာ၂၃၉၈.၄၉သိန်း၊ ၄/၂၀၁၄ မှာ(၆၂၈၂.၂၅၉) သိန်း၊ ၅/၂၀၁၄ မှာ ၁၀၁၈၅.၅၀၂ သိန်း၊ ၆/၂၀၁၅ မှာ ၈၈၅၆.၄၅၈ သိန်း၊ ၇/၂၀၁၅ မှာ (၈၄၆၁.၂၇၂)သိန်းနှင့် ၈/၂၀၁၅ အစီရင်ခံစာမှာ (၆၅၅၂.၅၄)သိန်းတို့ကို လှူဒါန်းထောက်ပံ့ ပေးခဲ့ပါ သဖြင့် ၁/၂၀၁၃ ကနေပြီးတော့ အစီရင်ခံစာ ၈/၂၀၁၅အထိကို လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ်သိန်း ပေါင်း(၄၇၂၄၀.၁၈၇)သိန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အညီ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ မှ အဓိကပံ့ပိုးခဲ့ပြီးတော့ ကော်မတီ၏အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်ရှိသည့် ပြည်သူများအား တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးပါ ကြောင်းနှင့် အဲဒီငွေတွေအားလုံးလည်း ဇေကမ္ဘာမှ လှူဒါန်းကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီ

အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ အစီရင်ခံစာ ဇယားပုံ (င)




အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ မှတ်တမ်းဓာတ်ပုံ (မြစ်ကြီးနားမြို့) (င-၁)



အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ မှတ်တမ်းဓာတ်ပုံ (မြစ်ကြီးနားမြို့ (င-၂)



**အချိန်၊ ၁၅း၃၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်းလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၅း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလ (၂၂) ရက် အင်္ဂါနေ့နံနက် (၁၀း၀၀) နာရီအချိန် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၅း၃၃ နာရီအချိန်တွင် ရပ်နားပါသည်။]